မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၉၂)

သိပ္ပဉ္စ ဧတံ မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ
တတ်မြောက်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ခေတ်မီလယ်ယာစိုက်ပျိုးရေး (စံပြလယ်ယာစနစ်) အထူးဇုန်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၃၀

ခေတ်မီလယ်ယာစိုက်ပျိုးရေး (စံပြလယ်ယာစနစ်) အထူးဇုန်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ခေတ်မီလယ်ယာစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ရှင်းလင်းဆောင်၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထန်းတပင်မြို့နယ်မှ ကြို့ကုန်းလျှပ်စစ် မြစ်ရေတင် အထူးစီမံကိန်း၌ ရေတင်သံပိုက်လုံးများ သွယ်တန်းထားမှုကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

စိုက်ပျိုးမြေ ဧက ၆၇၀၀၀ ကျော်ကို အကျိုးပြုနိုင်ရေး ရည်မှန်းထားသည့် ရန်ကုန်တိုင်းအတွင်းမှ လျှပ်စစ်ရေတင် ဌာနလုပ်ငန်းများနှင့် လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်းများ

လှည်းကူးမြို့နယ်မှ စစ်ပင်လျှပ်စစ်ရေတင်လုပ်ငန်း၏ ရေတင်စက်ရုံကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

သတင်းဆောင်းပါး	-	တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း	-	ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန
စာမျက်နှာဖွဲ့စည်းမှု	-	သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ စိုက်ပျိုးမြေဧကများကို လျှပ်စစ်ရေတင်ဌာနလုပ်ငန်းများနှင့် လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်းများဖြင့် စိုက်ပျိုးရေပေးဝေပြီး အကျိုးပြုနိုင်ရေး အတွက် ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည်။

တည်ဆောက်

ရန်ကုန်တိုင်းအတွင်းရှိ တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် သန်လျင်မြို့နယ်များတွင် ဌာနရေတင်လုပ်ငန်းများနှင့် လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်းများကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ တည်ဆောက်ပြီး လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်းလေးခု၊

စာမျက်နှာ ၉ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်)

ကျေးလက်ဒေသပြည်သူများ အသိပညာပြည့်ဝရေး ကျေးလက်စာကြည့်တိုက်များ တိုးမြှင့်တည်ထောင်ပေးခဲ့

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ၏အခန်းကဏ္ဍသည် အဓိကကျသည်။ ထို့ကြောင့် အရည်အချင်းပြည့်ဝသည့် အသိပညာနှင့်အတတ်ပညာရှင်များ ဖြစ်ထွန်းလာစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကာလများတွင် အမျိုးသားစာဆိုများ၊ စာပေပညာရှင်များ၏ စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်မှုများကြောင့် တိုင်းတစ်ပါးကျူးကျော်နယ်ချဲ့မှုကို ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုဖြင့် ပြန်လည်ရင်ဆိုင် တိုက်ထုတ်နိုင်ခဲ့ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပြီး ကျေးလက်နှင့်မြို့ပြ ကွာဟမှုမရှိစေရန် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျေးလက်ပြည်သူများသည် ပညာဗဟုသုတတိုးပွားပြီး အသိပညာမြင့်မားလာစေရေးအတွက် ရည်ရွယ်ကာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်ပေးခဲ့သည်။

တည်ထောင်ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များတွင် စာပေဗဟုသုတများကို အမှန်တကယ် ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာ၌ စာကြည့်တိုက်ပညာသည် အထောက်အကူပြုစွမ်းဆောင်နိုင်သကဲ့သို့ စာပေစွမ်းအားသည် နိုင်ငံနှင့်လူမျိုးကို ပြုပြင်ပြောင်းလဲစေနိုင်ပေသည်။

ကျေးလက်နေပြည်သူတို့သည် လူနေမှုဘဝမြင့်မားလာကာ စာပေဗဟုသုတနှင့် အတွေးအခေါ်အဆင့်အတန်း တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အကောင်အထည်ဖော်ရာ၌ မှန်ကန်စွာ ဝေဖန်ဆုံးဖြတ်နိုင်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ ယနေ့အင်အားကြီးနိုင်ငံများသည် အင်အားနည်းသောနိုင်ငံများကို နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများကို မီဒီယာများဖြင့် ထိုးဖောက် ကြိုးကိုင်ခြယ်လှယ်ရန် ကြံစည်လုပ်ဆောင်လျက်ရှိရာ၌ တိုင်းရင်းသားပြည်သူများက အသိပညာဗဟုသုတဖြင့် ဝေဖန်ပိုင်းခြားပြီး ကြံ့ကြံ့ခိုင် တွန်းလှန်သွားကြရမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယင်းမာပင်မြို့၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် စာရေးဆရာများ စာပေဟောပြောပွဲကျင်းပ

ယင်းမာပင် ဇန်နဝါရီ ၃၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကြွေရတနာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၄ရက် ည ၇နာရီက အဆိုပါစာကြည့်တိုက်ဝင်းအတွင်း၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က လူဖြစ်ရတဲ့ ရည်ရွယ်ချက်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ချစ်ဦးညိုက ကျောက်မှော်ရွာ အတွက် စာပေစကားလက်ဆောင် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ လယ်တွင်းသားစောချစ်က ဘဝမှစာ စာမှ ဘဝ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ချီးမြှင့်

ထို့နောက် ကျေးရွာ စာကြည့်တိုက် ကော်မတီဝင် ဦးအောင်အောင်စိုးက ကျေးရွာကိုယ်စား စာရေးဆရာကြီးများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စာရေးဆရာကြီးများအတွက် ဂါရဝပြုလက်ဆောင်များကို စာကြည့်တိုက်အလှူရှင် ဦးဝင်းမြင့်-ဒေါ်ကြွေကြွေ(သီရိသုမင်္ဂလာ) မိသားစုက လည်းကောင်း၊ ကျောက်မှော်ကျေးရွာ၏ အမှတ်တရလက်ဆောင်များကို ကျေးရွာရပ်မိရပ်ဖ ဦးစံငွေးက လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၃၁-၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၁၉)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သတိ ၅၂၈** နေတိုး၊ ခိုင်သင်းကြည်၊ မေသဥ္စာဦး (ဒါရိုက်တာ-ဥက္ကာဗိုလ်ရဲ့အတွေးပုံရိပ်)
၁၃:၅၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၇)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၃၀	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၀၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၇)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၂)



ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

စိုင်တင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့်နေရာ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဇန်နဝါရီ ၂၈ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ စိုင်တင်ချောင်းပေါ်တွင်တည်ရှိသည့် စိုင်တင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့်နေရာ၌ စိုင်တင်ရေတံခွန်တောင်မှ ရေစီးဆင်းနေမှုအခြေအနေ၊ စိုင်တင်ချောင်းရိုးတစ်လျှောက် ရေစီးဝင်နေမှုအခြေအနေများနှင့် လျှိုပိတ်တမံတည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ (အပေါ်ပုံ)

ယင်းနောက် ရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က စီမံကိန်းအကောင်အထည်ဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးများက စီမံကိန်းစူးစမ်းလေ့လာခြင်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်နှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဘူးသီးတောင်မြို့ ဗန္ဓုလခန်းမသို့ ရောက်ရှိပြီး ဘူးသီးတောင်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ဘူးသီးတောင်မြို့နယ်အတွက် ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော စာအုပ်၊ စာရေးကိရိယာများနှင့် ကျန်းမာရေးဝန်ကြီးဌာနကလှူဒါန်းသော ဆေးဝါးများကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော စာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

စိုင်တင်ရေအားလျှပ်စစ်

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးများသည် ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ အဆိုပါ စိုင်တင်ရေအားလျှပ်စစ်စီမံကိန်းသည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် အသစ်တည်ဆောက်မည့် စီမံကိန်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၀ ခန့်ရရှိမည့် စီမံကိန်းဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အကြို တာမွေ၌ ဟောပြော

ရန်ကုန် ဇန်နဝါရီ ၃၀

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာမွေ အမက(၂၆) တို့ ပူးပေါင်းဆောင်ရွက်ကြသည့် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က တာမွေ အမက(၂၆)ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ငွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးက ပြည်ထောင်စုနေ့အကြောင်း ဟောပြောသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ခန့် တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

■ **ရှေ့ဖုံးမှ**

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က ပံ့ပိုးညှိနှိုင်းဖြည့်ဆည်းပေးကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်တိုင်းမှူးတို့သည် မြေပေါ်မြောင်း၊ ရေသွင်းမြောင်းနှင့် ရေပေးမြောင်းများ ဖောက်လုပ်ပြီးစီးမှု၊ နွေစပါးများ ရေသွင်းစိုက်ပျိုးနေမှုနှင့် မြေထွန်ယက်နေမှုတို့ကိုလည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အထူးဇုန်(၁)ရှိ ရေသွင်းမြောင်း ဖောက်လုပ်နေမှု၊ ပင်မရေသွင်းမြောင်း ဖောက်လုပ်ပြီးစီးမှု၊ နွေစပါး စံပြစိုက်ခင်းနှင့် ဆန်နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အထူးဇုန်(၂)ရှိ လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူပြီးစီးမှု၊ လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းပြီးစီးမှု၊ Pump House များ ဆောက်လုပ်ပြီးစီးမှု၊ မြေပေါ်မြောင်း ဖောက်လုပ်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှုများကို လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ နွေစပါးပျိုးခင်းနှင့် လမ်းဖြစ်မြောင်းဖြစ် ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် ပင်လယ်ကိုးသွယ်ကုမ္ပဏီသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခန်းခန့်ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၃)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၃၀

ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၃)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

ရသစုံလင်

ယင်းဂျာနယ်တွင် တရုတ်နယ်စပ်မှ ဖရဲဝယ်လိုအားကောင်း၍ ဈေးကောင်းရ၊ ဖရဲတစ်ဧက ငွေဆယ်သိန်းခန့်ရရှိ၍ တောင်သူများဝမ်းမြောက်၊ ကျေးလက်နေပြည်သူများ စီးပွားတိုးစေဖို့ ပေါင်းစည်းလယ်ယာဆောင်ရွက်စို့ စသည့် စိုက်ပျိုးရေးဆောင်းပါး၊ ဝက်၊ သိုးမွေးပြီး စီးပွားရှာပါ၊ သိုး၊ နွား၊ ဆိတ်များနှင့် ထနောင်းနက်သီးအန္တရာယ် စသည့် မွေးမြူရေးဆောင်းပါးများ၊ ထမင်းစားပြီး ရှောင်ကြဉ်သင့်သော အချက်ခုနစ်ချက်၊ ဗီတာမင်အားဆေးများက ကလေးအတွက် လိုအပ်သလား၊ ကျန်းမာရေးအတွက် ရာသီဓာတ်စာ မရန်းသီး၊ နာဖျားလျှင်အားကစားလှုပ်ရှားမှု ပြင်းပြင်းထန်ထန်မလုပ်ရ စသည့် ကျန်းမာရေး သတင်းဆောင်းပါးများ၊ ပင်လုံမြေမှ သက်သေပြခဲ့သော ပြည်ထောင်စုစိတ်ဓာတ်၊ တာတမံအက်ဥပဒေအကြောင်း သိကောင်းစရာ၊ လက်တွန်းထွန်စက်များကို ကလပ်ချိန်ညှိခြင်း၊ လားဟူတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အိမ်နီးချင်းနိုင်ငံများ၏ ၂၀၀၉ခုနှစ်အတွင်း စီးပွားရေး အလားအလာ၊ အိုဘားမားကျမ်းသစ္စာကျိန်ဆို၍ အမေရိကန်သမိုင်းတစ်ခေတ် ဖွင့်လှစ်စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ ၂၀၀၇ခုနှစ် မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲအကြို အနုပညာရှင်များ၏ အကယ်ဒမီ ရင်တွင်းစကားများ စသည့် အနုပညာသတင်းများ၊ နိုင်ငံတကာ အားကစားသတင်းများနှင့် သားသည်အမေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၌ တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

အဆိုပါ ဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၃၀

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၇)နှင့် (၈) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။

ပြောင်းလဲဖွင့်လှစ်

ယခုအခါ ချဉ်းကပ်လမ်းကြောင်း၌ ရေအနက် နည်းပါးကျဉ်းမြောင်းလာသောကြောင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၄ရက်မှစ၍ အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃) နှင့် (၄)အကြားမှ ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြသထား

ပြောင်းလဲထားသည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ၃၀၀ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ပေ၄၀ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

ထုတ်ပြန်

တံတားရေလယ်တိုင်များ၏အောက်ခြေ ပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန် ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ် လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အမှာစကားပြော

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ခေတ်မီလယ်ယာစိုက်ပျိုးရေး (စံပြလယ်ယာစနစ်) အထူးဇုန်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲ ဖေဖော်ဝါရီ ၂ရက်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ၏ တတိယအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၀၈)အတွက် ဆုရရှိသောစာအုပ်များနှင့် စာမူများစာရင်းကို ကြေညာခဲ့ပြီးဖြစ်သည်။

နှိုးဆော်ထား

ထွန်းဖောင်ဒေးရှင်း (၂၀၀၈)စာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်း အမှတ်(၂) မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်း ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(တာခွ)၂၀၀၈-၂၀၀၉ ပညာသင်နှစ်ဘက်စုံပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက်က အဆိုပါကျောင်း သီရိမင်္ဂလာခန်းမဆောင်၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မာက မြို့နယ်အဆင့် ပညာရည်ထူးချွန်ဆုရ သတ္တမတန်းကျောင်းသား မောင်သူရစစ်နိုင်ဦးအား ဆုချီးမြှင့်စဉ်။ (၁၁၃)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင်အအေးပို၊ လွိုင်လင်၊ လားရှိုး၊ နမ့်စန်၊ ဟဲဟိုးတို့၌အေးမြဲအေးဆဲ

ရန်ကုန် ဇန်နဝါရီ ၃၀

ဇန်နဝါရီ ၃၁ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာမည် ဖြစ်သည်။

ဇန်နဝါရီ ၃၁ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည် ဖြစ်သည်။

ဇန်နဝါရီ ၃၀ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးတွင် -၂ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့်မိုးကုတ်မြို့တို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

တိမ်အသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်းဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

သမ္မတအိုဘားမား၏ ကမ်းလှမ်းချက်အပေါ် အီရန်သမ္မတ ဒီနီဂျက် တုံ့ပြန်

တီဟီရန် ဇန်နဝါရီ ၃၀

အမေရိကန်နိုင်ငံ၏ မူဝါဒပြောင်းလဲမည်ဆိုသော သမ္မတအိုဘားမား၏ ကမ်းလှမ်းချက်တွင် ပြည်ပရောက် အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှုနှင့် အီရန်အစိုးရအပေါ် အတိတ်ကကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ဝန်ချတောင်းပန်မှုပါဝင်လျှင် သမ္မတအိုဘားမား၏ ကမ်းလှမ်းချက်ကို အီရန်နိုင်ငံက လက်ခံကြိုဆိုမည်ဖြစ်ကြောင်း အီရန်သမ္မတ အမာဒီနီဂျက်က ဇန်နဝါရီ ၂၈ရက်တွင် ပြောကြားလိုက်သည်။

တုံ့ပြန်ပြောကြား

အီရန်က ကျစ်ကျစ်ပါအောင်ဆုပ်ထားသည့်လက်သီးကို ဖြေမည်ဆိုလျှင် အမေရိကန်က ငြိမ်းချမ်းရေးလက်ကမ်းမည်ဟု အမေရိကန်သမ္မတအိုဘားမားက ကမ်းလှမ်းပြီးနောက် အီရန်သမ္မတ ဒီနီဂျက်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အမေရိကန်အလယ်ပိုင်း နှင်းမုန်တိုင်းကျ ၂၁ဦး သေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၃၀

အမေရိကန်နိုင်ငံ အိုကလာဟိုးမား ပြည်နယ်မှသည် မေရီလင်းပြည်နယ်အထိ အလယ်ပိုင်းဒေသတစ်ဝန်းလုံးကို ဇန်နဝါရီ ၂၆ရက်မှစ၍ နှင်းမုန်းတိုင်းများ ကျရောက်သဖြင့် အနည်းဆုံး ၂၁ဦးသေဆုံးပြီး ပြည်သူ တစ်သန်းနီးပါးမှာ မှောင်နှင့်မည်းမည်း နေထိုင်ကြရကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၂၈ရက်တွင် ကြေညာသည်။

အမျိုးသားမိုးလေဝသလုပ်ငန်းဌာနက မုန်တိုင်း သတိပေးချက် သုံးလေးကြိမ် ထုတ်ပြန်ခဲ့သည်။ နှင်းမုန်တိုင်းကျရောက်မှုကြောင့် ဇန်နဝါရီ ၂၇ရက်နှင့် ၂၈ရက်တွင် ပင်ဆယ်ဗေးနီးယားပြည်နယ်နှင့် မေရီလင်းပြည်နယ်ဒေသ အများအပြားတွင် နှင်းထု ၁၀ စင်တီမီတာ၊ မစ်ဆူရီပြည်နယ်၊ အီလီနွိုက်ပြည်နယ်နှင့်အင်ဒီယားနားပြည်နယ် ဒေသအများအပြား၌ နှင်းထု၁၅စင်တီမီတာ နှင့် အိုဟိုင်းယိုးပြည်နယ် ဒေသအများအပြားတွင် နှင်းထုစင်တီမီတာ၃၀အထိ မြင့်မားခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အမျိုးသားအားကစားရုံရှေ့၌ အမှတ်တရဓာတ်ပုံ ရိုက်ကူးနေသည့် ခရီးသွားများအား ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းပြခန်းတစ်ခုတွင် ပြသထားသည့် ကင်နွန်ကင်မရာ တစ်လုံးအား ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နာမည်ကျော် ကင်နွန်ကင်မရာ ကိုးနှစ်အတွင်း ပထမဆုံးအကြိမ် ရောင်းအားကျဆင်း

တိုကျို ဇန်နဝါရီ ၃၀

ဂျပန်နိုင်ငံ၏ နာမည်ကျော် ကင်မရာထုတ်လုပ်ရေး ကင်နွန်ကင်မရာကုမ္ပဏီအနေဖြင့် ကိုးနှစ်ကျော်ကာလအတွင်း ၂၀၀၈ခုနှစ်၌ ပထမဆုံးအကြိမ် ရောင်းအားကျဆင်းလာမှုကြောင့် အမြတ်ငွေများလျော့နည်းသွားခဲ့ကြောင်း ဆင်ဟွာက ရေးသားဖော်ပြသည်။

ဝင်ငွေလျော့ကျ

နှစ်ချင်းအလိုက် ဝင်ငွေလျော့ကျလာမှုမှာ ၃၆ဒသမ၇ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၃ဒသမ ၄၇ဘီလီယံ)ရှိကြောင်း သိရသည်။ **(အင်တာနက်)**

၂၀၀၈ ခုနှစ်အတွင်း ဘိုးရင်းကုမ္ပဏီ ဝင်ငွေဒေါ်လာ သုံးဘီလီယံနီးပါးလျော့နည်း

ချီကာဂို ဇန်နဝါရီ ၃၀

အမေရိကန်နိုင်ငံ ချီကာဂိုအခြေစိုက် ဘိုးရင်းကုမ္ပဏီအနေဖြင့် ၂၀၀၈ခုနှစ် စတုတ္ထသုံးလပတ်အတွင်း အသားတင်ဝင်ငွေရရှိမှုမှ ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၅၆သန်း ကျော်ရှိကြောင်း ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

လျော့နည်း

၂၀၀၈ခုနှစ်တစ်နှစ်လုံး ဘိုးရင်းကုမ္ပဏီအနေဖြင့် အသားတင်ဝင်ငွေရရှိမှုမှ အမေရိကန်ဒေါ်လာ ၂ဒသမ၇ဘီလီယံ လျော့နည်းခဲ့ကြောင်း သိရသည်။ (အင်တာနက်)

၂၀၀၈ ခုနှစ်အတွင်း စင်ကာပူအလုပ်လက်မဲ့နှုန်း ၂ ဒသမ ၃ ရာခိုင်နှုန်းသို့ ရောက်လာ

စင်ကာပူ ဇန်နဝါရီ ၃၀

စင်ကာပူနိုင်ငံတစ်ဝန်းလုံးတွင် အလုပ်လက်မဲ့နှုန်းမှာ ၂၀၀၇ ခုနှစ်က ၂ ဒသမ ၁ ရာခိုင်နှုန်းရှိရာမှ ၂၀၀၈ခုနှစ်အရောက်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်းသို့ ရောက်ရှိလာကြောင်း လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနက ဇန်နဝါရီ ၃၀ရက်၌ သတင်းထုတ်ပြန်သည်။

အလုပ်လက်မဲ့နှုန်း

ယခုအလုပ်လက်မဲ့နှုန်း မြင့်တက်လာမှုမှာ ၂၀၀၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ်က အလုပ်လက်မဲ့နှုန်းမှာ ၄ ဒသမ ၀ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ဖူးကြောင်း ယင်းသတင်းထုတ်ပြန်ချက်၌ ပါရှိသည်။ **(အင်တာနက်)**



အီဂျစ်နိုင်ငံ ရှာအယ်လ်ရှီယက်ချ်ဒေသအနီးတွင် တည်ရှိသော သန္တာကျောက်တန်း တစ်ခုကို ဇန်နဝါရီ ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ ၂၀၀၈ ခုနှစ်အတွင်း စစ်ဆင်မှု အရပ်သား ၁၀၀ နီးပါးသေဆုံးခဲ့

ကဘူးလ် ဇန်နဝါရီ ၃၀

အာဖဂန်နစ္စတန်နိုင်ငံအတွင်း နေတိုးအဖွဲ့ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ဝင်များက ၂၀၀၈ခုနှစ်က စစ်သွေးကြွများကို စစ်ဆင်တိုက်ခိုက်စဉ် အရပ်သား ၁၀၀ နီးပါးသေဆုံးခဲ့ကြောင်း နိုင်ငံစုံမဟာမိတ်အဖွဲ့က ဇန်နဝါရီ ၂၈ရက်တွင် ကြေညာသည်။

အားပေးမှုနည်းပါး

အရပ်သားများ ထိခိုက်သေဆုံးမှုကြောင့် သမ္မတဟာမစ်ကာဇိုင်း အစိုးရအပေါ် ပြည်သူတို့၏ထောက်ခံမှု လျော့နည်းသွားစေသည့်အပြင် ဟာမစ်ကာဇိုင်းအစိုးရကို ကျောထောက်နောက်ခံပြုပေးနေသည့် အဆိုပါနိုင်ငံခြားတပ်ဖွဲ့များကိုလည်း ပြည်သူတို့က အားပေးမှု နည်းပါးသွားစေသည်။

သဘောထားကွဲလွဲ

ထို့ပြင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက တာလီဘန်အစိုးရအား ဖယ်ရှားသည့် ခုနစ်နှစ်ကျော်ကာလတွင် သမ္မတကာဇိုင်းနှင့်၎င်း၏အနောက်အုပ်စု မဟာမိတ်များအကြား သဘောထားကွဲလွဲမှု ပေါ်ပေါက်လာစေသည်။

အမ်အင်န်အေ၊ရိုက်တာ

ယဉ်ကျေးမှုဗဟိုဌာန

ဘရာဇီးနိုင်ငံ မြို့တော် ဘရာဆီးလီးယားတွင် တည်ရှိသည့် ယဉ်ကျေးမှု ဗဟိုဌာန အဆောက်အအုံကို ဇန်နဝါရီ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဒီယာလာပြည်နယ်၌ အယ်လ်ခိုင်ဒါများ ဗုံးခွဲတိုက်ခိုက်

ဒီယာလာ ဇန်နဝါရီ ၃၀

အီရတ်နိုင်ငံ ဘာကူဘာမြို့ အရှေ့ဘက်ဒေသရှိ အိမ်သုံးလုံးအား အယ်ခိုင်ဒါဟု သံသယရှိသူ လက်နက်ကိုင်တစ်စုက ဇန်နဝါရီ ၂၉ ရက်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ယင်းဒေသမှ စစ်ဘက်ဆိုင်ရာ အကြီးအကဲက ပြောကြားခဲ့သည်။

သံသယရှိဖွယ် အယ်လ်ခိုင်ဒါအုပ်စုသည် ဘာကူဘာမြို့၏ အရှေ့ဘက် ကန်နာအန်ခရိုင် စစ်ဘာနာအယ်လ်ကာဘီရာကျေးရွာရှိ အိမ်သုံးလုံးအား ဗုံးထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ယင်းအကြီးအကဲက ပြောကြားခဲ့သော်လည်း အသေးစိတ်ကိုမူ ပြောကြားခြင်း မရှိချေ။ ဒီယာလာပြည်နယ်၏မြို့တော် ဘာကူဘာမြို့သည် ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက် ၅၇ ကီလိုမီတာအကွာ၌ တည်ရှိသည်။

(အင်တာနက်)

အရှည်အသွေးမြင့် အိုင်ဖုန်းသစ်

တေးဂီတသံစဉ်များကို အဆင့်မြင့်သော အရည်အသွေးများဖြင့် ဖျော်ဖြေပေးနိုင်သည့် အိုင်ဖုန်းအသစ်တစ်မျိုးကို ဂျပန်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်သည်။

အရည်အသွေးမြင့်မား

ယခင်က ထုတ်လုပ်ခဲ့သော အိုင်ဖုန်းများထက် အရည်အသွေးမြင့်မားပြီး အရုပ်နှင့်အသံထွက်များ ကြည်လင်ပြတ်သားမှုရှိကာ မှတ်တမ်းမှတ်ရာ သတင်းအချက်များကို ယခင်ဖုန်းများထက် ရှစ်ဆသိမ်းဆည်းနိုင်စွမ်းရှိသည်။

ကြည်လင်ပြတ်သား

ထို့အပြင် ယခုထုတ်လုပ်လိုက်သည့် အိုင်ဖုန်းသည် တေးသီချင်း ၆၀၀၀ခန့်ထဲမှ ကြိုက်နှစ်သက်သည့် သီချင်းကို ဖွင့်လိုက်သည်နှင့် စက္ကန့်ပိုင်းအတွင်း အရုပ်နှင့်အသံများ ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာမည်ဖြစ်သည်။

ဝိုင်ဖိုင်စနစ်ထည့်သွင်းထားသဖြင့် ရုပ်မြင်သံကြားအစီအစဉ်များနှင့် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားပေါင်းများစွာကို သိမ်းဆည်းကြည့်ရှုနိုင်မည်ဖြစ်သည်။ ယခု ထုတ်လုပ်လိုက်သည့် အိုင်ဖုန်းသည် ဖန်သားပြင်အကျယ် ၃ဒသမ၂လက်မသာရှိကြောင်း သိရသည်။

(အင်တာနက်)

နည်းပညာသိပ္ပံ

အင်တာနက်ကျန်းမာရေး

ငယ်ရွယ်စဉ်ကပင် တစ်နေ့ရေနွေးကြမ်းသုံးခွက်သောက်သုံးလျှင် ရင်သားကင်ဆာဖြစ်ပွားမှု လျော့နည်းနိုင်ဟုဆို

ရေနွေးကြမ်း နေ့စဉ်သောက်သုံးပေးခြင်းကို ငယ်ရွယ်စဉ်ကပင် အလေ့အကျင့်ပြုလုပ်ပေးပါက အသက်အရွယ်ရလာသည့်အခါ အမျိုးသမီးများရင်သားကင်ဆာဖြစ်ပွားနိုင်မှုနည်းပါးစေကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ဖော်ပြ

မိန်းကလေးငယ်များ ငယ်ရွယ်သည့်အချိန်ကပင် မိဘများအနေဖြင့် ရေနွေးကြမ်းကို နေ့စဉ်သောက်သုံးတတ်ရန် သွန်သင်ပေးသင့်ကြောင်း၊ ရေနွေးကြမ်းကို တစ်နေ့လျှင် အနည်းဆုံး သုံးခွက်ခန့်သောက်သုံးပေးလျှင် ရင်သားကင်ဆာဖြစ်ပွားမှုကို ၃၅ရာခိုင်နှုန်း ကျဆင်းစေကြောင်း ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

နည်းပါး

ရေနွေးကြမ်းသောက်သုံးသူများနှင့် ပတ်သက်ပြီး အမျိုးသမီး ၁၀၀ ခန့်အား သုတေသနပြုခဲ့ရာတွင် ရေနွေးကြမ်းကိုငယ်စဉ်ကပင် သောက်သုံးလေ့ရှိခဲ့သူ အမျိုးသမီးများမှာ ရင်သားကင်ဆာဖြစ်ပွားမှု နည်းပါးသည်ကို တွေ့ရှိခဲ့ကြရကြောင်း ဖော်ပြထားသည်။

အထောက်အကူပြု

ရေနွေးကြမ်းတွင် ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်စွမ်းရှိသော ဓာတ်ပေါင်းများ ပါရှိကြောင်း၊ ယခင်က သုတေသနပြုချက်များတွင် ရေနွေးကြမ်းသည် နှလုံးရောဂါတိုက်ခိုက်ခံရမှု၊ ရုတ်တရက် လေဖြတ်ခြင်းနှင့် ကိုလက်စထရော ကျဆင်းခြင်းကို အထောက်အကူပြုစေကြောင်း သိရှိခဲ့ရသော်လည်း ယခုအခါ ရင်သားကင်ဆာဖြစ်ပွားမှုကိုပါ လျော့ကျစေသည်ကို တွေ့ရှိခဲ့ရသည်ဟုဖော်ပြထားသည်။ ။

နိုင်ငံတကာမှုခင်း

လမ်းလျှောက်ရင်း လမ်းပျောက်ခဲ့လေသူတစ်ဦး

၂၀၀၈ခုနှစ် ဆောင်းဦးပေါက်လွန်ကာလ၏ တစ်ခုသော နံနက်ခင်းဖြစ်သည့် ဒီဇင်ဘာ ၃ရက် နံနက် ၄နာရီခန့်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ မန်ဟက်တမ်အရပ်မှ မိုင်၇၀အကွာ နယူးဘတ်ချ်မြို့ရှိ မာကွီး စားသောက်ဆိုင်မှ အမျိုးသမီးငယ်တစ်ဦးနှင့် အမျိုးသားငယ်နှစ်ဦးတို့ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောဖြင့် ထွက်လာကြသည်။ အမျိုးသမီးငယ်သည်လည်း အမျိုးသားနှစ်ဦးနှင့် လမ်းယှဉ်လျှောက်ရင်း စိတ်ပါလက်ပါစကားဖောင်ဖွဲ့နေခဲ့သည်။

စည်ကားနေ

နံနက်ခင်း ၁၀နာရီခန့်ကတည်းက ဆိုင်စဖွင့်ပြီး နောက်တစ်နေ့နံနက် ငါးနာရီနီးပါးအထိ ညလုံးပေါက် ၂၄နာရီနီးပါးဖွင့်သော ယင်းစားသောက်ဆိုင်သည် လာရောက်စားသုံးသူများနှင့် အမြဲလိုလို စည်ကားနေတတ်လေ့ရှိသည်။

လူပါးသွား

ယခုလည်း တစ်ညလုံး စားသောက်သူများနှင့် ဆူညံစည်ကားနေသောဆိုင်မှာ အမျိုးသမီးငယ်နှင့်အမျိုးသားနှစ်ဦးတို့ စားသောက်ကာ ထွက်ခွာသွားကတည်းက ဆိုင်မှာ လူတော်တော်ရှင်းနေပြီဖြစ်သည်။ ဆိုင်ပိတ်ခါနီးအချိန်ဖြစ်သဖြင့်လည်း ဆိုင်တွင်း၌ စောစောပိုင်းက ဆူညံစည်ကားနေသလောက် ဆိုင်ပိတ်ခါနီးသည့် အချိန်တွင်မူ လူပါးသွားခဲ့ပြီဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်

မကြာမီတွင် ယင်းစားသောက်ဆိုင်သည်လည်း ပိတ်သိမ်းခဲ့ပြီဖြစ်သဖြင့် ယင်းပတ်ဝန်းကျင်သည်လည်း စောစောပိုင်းက ဆူညံစည်ကား လှုပ်ရှားသက်ဝင်ခဲ့သောနေရာမှ ဟုတ်ပါလေစဟု ထင်ရလောက်အောင် ပကတိ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

နေထိုင်

နယူးယောက်မြို့သည် အမေရိကန်နိုင်ငံတွင် တည်ရှိသည့် စည်ကားလှသော ဆိပ်ကမ်းမြို့ကြီးတစ်မြို့ဖြစ်သည်။ ယင်းမြို့တွင် ဘရောက်စ်၊ ဘရွတ်ကလင်း၊ မန်ဟက်တန်၊ ကွီးစ်နှင့် စတာတင်ကျွန်းဟူ၍ အပိုင်းကြီးများ ခွဲခြားထားပြီး လူဦးရေရှစ်သန်းနီးပါး နေထိုင်သည်။

ဖြတ်သန်းခဲ့

နယူးယောက်မြို့ ညချမ်းသည် ဖော်ပြပါဖြစ်ရပ်ဖြစ်ပွားပြီးနောက် အေးချမ်းသာယာစွာ ရှိနေခဲ့သည်။ ထို့အတူ မာကွီးစားသောက်ဆိုင်သည်လည်း အထက်ပါဖြစ်ရပ် ဖြစ်ပွားပြီးနောက် သုံးရက်သုံးညတာမျှ ကာလကို အေးချမ်းစွာဖြတ်သန်းခဲ့ပြီး ဖြစ်သည်။

ပျောက်ခြင်းမလှပျောက်ဆုံး

သို့သော်လည်း လေးရက်မြောက်နေ့တွင်မူ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ ခေါ်ယူမေးမြန်းမှုကို ခံခဲ့ရသည်။ အကြောင်းမှာ လွန်ခဲ့သော ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃ရက် ညပိုင်းက ဆိုင်ပိတ်ခါနီးတွင် အမျိုးသားနှစ်ဦးနှင့်အတူ ဆိုင်မှထွက်ခွာသွားသော အမျိုးသမီးမှာ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားသောကြောင့် ဖြစ်သည်။ ထိုအခါမှ ယင်းစားသောက်ဆိုင်သည် အမျိုးသမီးပျောက်ဆုံးသွားမှုန်း သိရတော့သည်။

လိုက်လံစုံစမ်း

ယင်းအမျိုးသမီးနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်ပြီး အခန်းဖော်လည်းဖြစ်သော အမျိုးသမီးက သူမ၏ အခန်းဖော် သုံးရက်မျှပြန်မလာသောအခါ သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာမှ သက်ဆိုင်ရာက ၎င်းအမျိုးသမီးကို အပူတပြင်း လိုက်လံစုံစမ်းခဲ့သည်။ ပျောက်ဆုံး သွားသောအမျိုးသမီးမှာ အသက် ၂၅နှစ်အရွယ်ရှိ လော်ရာဂါဇာ(**အပေါ်ဝဲပုံ**) အမည်ရှိ အမျိုးသမီးဖြစ်သည်ဟု ဆိုသည်။

ပြောင်းရွှေ့နေထိုင်

လော်ရာဂါဇာသည် မက္ကဆီကို နိုင်ငံသူတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် အလုပ်လာရောက်လုပ်ကိုင်နေရာမှ မပျောက်ဆုံးမီ ခြောက်လခန့်ကမှ နယူးယောက်မြို့ ဘရွတ်ကလင်းအရပ်ရှိ နယူးယောက် ပင်လယ်အော်အတွင်း ထိုးထွက်နေသောဒေသသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်ဟုလည်း သိလိုက်ကြရလေတော့သည်။ လော်ရာသည် မန်ဟက်တန်အရပ်ရှိ ဖိနပ်ဆိုင်တစ်ဆိုင်၌ အလုပ်လုပ်ကိုင်နေခဲ့သူဖြစ်သည်။

ရိုက်ကူးထား

သက်ဆိုင်ရာက လော်ရာအား နောက်ဆုံးတွေ့မြင်ခဲ့ရသော မာကွီးစားသောက်ဆိုင်တွင် စုံစမ်းစစ်ဆေးရာမှ ထိုနေ့နံနက်ခင်းက သူမနှင့် အတူယှဉ်တွဲတွေ့ရသော အမျိုးသားနှစ်ဦးအနက်မှ တစ်ဦးမှာ အမျိုးသမီးများအား အနိုင်ကျင့်မှုဖြင့် ထောင်ဒဏ်ခြောက်နှစ်ကျခံခဲ့ရဖူးသူ အသက် ၂၃နှစ်ရှိ မိုက်ကယ်မီလီဖြစ်ကြောင်း ယင်းစားသောက်ဆိုင်၏ လုံခြုံရေးကင်မရာက ရိုက်ကူးထားသည်ဟု ဆိုသည်။

သိမ်းဆည်းထား

လော်ရာသည် အပျော်အပါး၊ ပွဲလမ်းသဘင်များကို မြတ်နိုးခုံမင်သူ တစ်ဦးဖြစ်သည်။ သူမပျောက်ဆုံးမှုနှင့်ပတ်သက်သော မီလီအား ဖမ်းဆီးစစ်ဆေးခဲ့သည်။ ထို့အပြင် မီလီနေထိုင်ရာ နယူးဘတ်ချ်မြို့အနီး ဝေါလ်ကေးလ်အရပ်ရှိ တိုက်ခန်းအား သဲလွန်စရလိုရငြား ပိုက်စိပ်တိုက် ရှာဖွေခဲ့သကဲ့သို့ ယင်းအနီးဝန်းကျင်ရှိ ဒေသများကိုလည်း ရဟတ်ယာဉ်ဖြင့် နှံ့နှံ့စပ်စပ်ရှာဖွေခဲ့သော်လည်း ခိုင်လုံသော သက်သေအထောက်အထား မရရှိခဲ့ကြသေးပေ။ ရဲအဖွဲ့သည် သဲလွန်စရရှိရေးအတွက် မီလီ၏ အပျော်စီးဖိမ်ခံကားအား ခေတ္တသိမ်းဆည်းထားသည်။

မေးမြန်းစစ်ဆေး

မက္ကဆီကိုနိုင်ငံမှ လော်ရာ၏ မိဘများသည် မိဘအား လုပ်ကျွေးနေသော သမီးလိမ္မာတစ်ဦးအား သေသည်၊ရှင်သည် မသိဘဲ ဆုံးရှုံးနေရသည့်အတွက် ယူကျုံးမရ ခံစားခဲ့ကြရသည်။ မီလီအားလည်း သက်ဆိုင်ရာက ထိန်းသိမ်းကာ မေးမြန်း စစ်ဆေးလျက်ရှိဆဲပင်ဖြစ်သည်။

သင်ခန်းစာယူဖွယ်ရာ

ယခုဖြစ်ရပ်တွင် မိုက်ကယ်မီလီအနေဖြင့် ပြစ်မှုကျူးလွန်ခဲ့ရိုးမှန်ပါက ထိုက်သင့်သော ပြစ်ဒဏ်ကို ကျခံရမည် ဖြစ်သည်။ လော်ရာဂါဇာသည် မိဘအပေါ် လိမ္မာသိတတ်ကာကျေးဇူးဆပ်နေသည် မှန်သော်လည်း အပျော်အပါး ခုံမင်မှုကြောင့် မိဘများအား ရင်ကျိုးအောင်ခံစားစေခဲ့သကဲ့သို့ဖြစ်စေပြီး သူမကိုယ်တိုင်လည်း သေသည်၊ ရှင်သည်ဟု မသိရသော အဖြစ်ဆိုးနှင့် ရင်ဆိုင်ခဲ့ရသည့် လမ်းလျှောက်ရင်း လမ်းပျောက်ခဲ့ရသောအဖြစ်ကို ကိုးကားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ရေးသားသည်

၂၀၀၈ခုနှစ် ဆောင်းဦးပေါက်လွန် ကာလ၏ တစ်ခုသော နံနက်ခင်းဖြစ်သည့် ဒီဇင်ဘာ ၃ရက် နံနက် ၄နာရီခန့်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ မန်ဟက်တမ်အရပ်မှ မိုင်၇၀အကွာ နယူးဘတ်ချ်မြို့ရှိ မာကွီး စားသောက်ဆိုင်မှ အမျိုးသမီးငယ် တစ်ဦးနှင့် အမျိုးသားငယ်နှစ်ဦးတို့ ပြုံးပြုံး ရွှင်ရွှင် ရယ်ရယ်မောမောဖြင့် ထွက်လာကြ၊ အမျိုးသမီးငယ်သည်လည်း အမျိုးသား နှစ်ဦးနှင့် လမ်းယှဉ်လျှောက်ရင်း စိတ်ပါ လက်ပါ စကားဖောင်ဖွဲ့နေခဲ့။

ဘဝဒဿန

To prefer evil to good is not a human nature; and when a man is compelled to choose one of two evils, no one will choose the greater when he might have the less.

ကောင်းမှုထက် မကောင်းမှုကို ပိုမိုနှစ်သက်ခြင်းသည် လူသားတစ်ဦး၏ ပင်ကိုသဘာဝမဟုတ်ပေ။ လူသည် ကောင်းမှုနှစ်ခုအနက် တစ်ခုကို ရွေးချယ်ရန် အတင်းအကျပ် စေခိုင်းခံရသည့်အခါ ၎င်းအား ပိုမို အကျိုးယုတ်စေမည့်တစ်ခုကို မည်သူမျှ ရွေးချယ်လိမ့်မည် မဟုတ်ပါချေ။

ပလေတို
(ဂရိလူမျိုးစာရေးဆရာနှင့် အတွေးအခေါ်ပညာရှင်)

သိပါတယ်....

ဘဝအမောပြေ

ဆရာဝန်တစ်ဦးထံသို့ ခေါင်းကိုက်ဝေဒနာ ခံစားနေရသူတစ်ဦး ရောက်ရှိလာသည်။

လူနာ	။ ။	ကျွန်တော့်ခေါင်း အရမ်းကိုက်နေပါတယ်...
ဆရာဝန်	။ ။	ကျွန်တော် စမ်းသပ်ကြည့်ပေးမယ်။
လူနာ	။ ။	ဟုတ်ကဲ့။
ဆရာဝန်	။ ။	ခေါင်းကိုက်ဝေဒနာဖြစ်နေတာ ဘယ်လောက်ကြာသွားပြီလဲ။
လူနာ	။ ။	ကျွန်တော် မွေးကတည်းကပါပဲ။
ဆရာဝန်	။ ။	စမ်းသပ်ကြည့်ရသလောက်တော့ ခင်ဗျားမမွေးခင်ကဘာမှ မဖြစ်ခဲ့ဘူးဆိုတာ သေသေချာချာ သိရပါတယ်။
လူနာ	။ ။	'ဗျာ'

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ရေလှောင်တမံစီမံကိန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကြည့်ရှုစစ်ဆေး

မင်းလှမြို့နယ် နွေစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၃၀

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် ဇန်နဝါရီ ၂၁ရက် နံနက် ၈နာရီက ပဲခူးမြို့နယ် ဆပ်ပြာကျင်းကျေးရွာအနီးရှိ ဇလက်ထော်ရေလှောင်တမံသို့ ရောက်ရှိပြီး တိုင်းဆည်မြောင်းဦးစီးဌာနမှူး၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ စိုက်ပျိုးရေပေးဝေနေမှု ရေထိန်း မျှော်စင်မှ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် အလိုင်နီ ရေလှောင်တမံသို့ရောက်ရှိ၍ ရေထိန်းမျှော်စင်မှ ရေလှောင်တမံတွင်း ရေဝင်ရောက်မှု အခြေအနေနှင့် ပင်မတမံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းတွင် သာယာဝတီမြို့နယ်ရှိ သုံးဆယ်ရေလှောင် တမံလက်ဝဲတူးမြောင်းမကြီး၏ မြောင်းခွဲ(၁)ဝဲယာ၌ နွေစပါးစိုက်ပျိုးထားရှိမှု၊ မြောင်းအတွင်း ရေရောက်ရှိမှုနှင့် နွေစပါးစိုက်ခင်းများအတွင်း ရေရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လက်ဝဲတူးမြောင်းမကြီး မြောင်းခွဲ(၁)နှင့် မြောင်းခွဲ(၂)တို့မှ စိုက်ပျိုးရေပေးဝေနေမှု၊ လက်ယာတူးမြောင်းမကြီး ရေခွဲအဆောက်အအုံတည်ဆောက်ပြီးစီးမှု၊ တူးမြောင်းအဆောက်အအုံများ တည်ဆောက်နေမှု၊ မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီး

ထို့မှတစ်ဆင့် တိုင်းမှူးသည် မင်းလှမြို့နယ် သရက်တပင်ကျေးရွာအုပ်စု တောင်သူဦးအောင်မြင့်၏ လယ်မြေ၌ကျင်းပသော နွေစပါးထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ပူဇော်ကန်တော့

ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသားကျောင်းသူ ဟောင်းများ (၁၉၆၆-၁၉၉၆) တတိယအကြိမ် အာစရိယပူဇော်ပွဲတွင် ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။

(မြန်မာ့အလင်း)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေးကောလိပ် အဌမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အဌမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ရက်(သောကြာနေ့) နံနက် ၉နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်သည်။

သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ (ပညာရေးကောလိပ် သင်တန်းဆင်းများအပါအဝင်)သည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဒေါ်ချိုချို ဖုန်း-၀၉-၅၁-၇၂၃၄၂၊ ဦးလှထွန်း ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၁၄၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၄၀၁၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇-၄၀၇၂၇၄၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၆၁၅၆၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၃၆၂၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်ဒွေး၊ ဒေါ်မေစံပယ်ဖြူနု ဖုန်း-၃၉၅၂၇၇နှင့် ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆ တို့သို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းပညာရေးမှူးရုံးများမှ တစ်ဆင့်လည်းကောင်း၊ ဧပြီ ၂၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်မှုကို ဇန်နဝါရီ၇ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်မြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအနေဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဦးဆောင်၍ စာဖတ်ပိုင်း၊စာကြည့်တိုက်ဟောပြောပွဲကို မင်္ဂလာတောင်ညွန့် ကန်တော်ကလေးမြောက်ပိုင်းရပ်ကွက် ပညာဘဏ်တိုက်စာကြည့်တိုက်၌ ဇန်နဝါရီ ၂၃ရက်က ကျင်းပရာ ကန်တော်ကလေးမြောက်ပိုင်းဥက္ကဋ္ဌဦးစိုးသန့်က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှ နိုင်ငံတော်အခြေခံမူများကို ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ၂၄ရက်က ဗဟန်းမြို့နယ် အမက(၁၃)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ၂၀၀၈-၂၀၀၉ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးဝေနိုင်မြင့်က သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရ မောင်စစ်သွေးအောင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မော်လမြိုင်ကျွန်းမြို့ အထက(၁) စိန်ရတုသဘင်နှင့် အငြိမ်းစား ဆရာဆရာမများ ပူဇော်ပွဲကျင်းပရေး ဆွေးနွေး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၃၀

မော်လမြိုင်ကျွန်းမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ယခင်အစိုးရအထက်တန်းကျောင်း)၏ (၇၅)နှစ်ပြည့် စိန်ရတုသဘင်နှင့် အငြိမ်းစား ဆရာကြီးဆရာမကြီးများ၏ပူဇော်ကန်တော့ပွဲ၊(၂၅)နှစ်ပြည့် ငွေရတုသဘင်ကျင်းပရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၃ရက် မွန်းလွဲ၂နာရီက မော်လမြိုင်ကျွန်းမြို့ အထက (၁) မဟာဆောင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမက အမှာစကားပြောကြားပြီး ကျင်းပရေးလုပ်ငန်းများအပေါ် ကျောင်းသားကျောင်းသူဟောင်းများက အကြံပြုဆွေးနွေးကြပြီး စိန်ရတုသဘင်အထိမ်းအမှတ် အဆောက်အအုံဆောက်လုပ်ရေး၊စက်ရေတွင်းနှင့် ရေသန့်စက်တပ်ဆင်ရေး၊ မဂ္ဂဇင်းနှင့် အထိမ်းအမှတ် ပစ္စည်းထုတ်ဝေရေးနှင့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲ ကျင်းပရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ စိန်ရတုသဘင်နှင့် ငွေရတုသဘင်အခမ်းအနားကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ မော်လမြိုင်ကျွန်းမြို့ အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အငြိမ်းစား ဆရာကြီးဆရာမကြီးများ ကြွရောက် အကန်တော့ခံပါရန်နှင့် ကျောင်းသူကျောင်းသားဟောင်းများ ပါဝင် လှူဒါန်းလိုပါက ဒေါ်ခင်မမ ဖုန်း-၀၄၂-၅၀၀၀၃ နှင့် ဦးစံသိန်း ဖုန်း-၀၄၂-၅၀၁၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၄၂)**

(၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်သို့ အသင်းကြီးများ တက်သူတက်၊ ထွက်သူထွက်

သတင်းမှတ်စု - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင်းနိုင်(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၃၀

မန္တလေးတိုင်းအတွင်းကျင်းပနေတဲ့ ၂၀၀၉ခုနှစ် (၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၆ရက်က ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်တွေ ပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ ဒုတိယအဆင့်ကို နာမည်ကြီးအသင်းတွေ တက်ရောက်နိုင်ခဲ့သလို ပြိုင်ပွဲကို စောစီးစွာ လက်ပြနှုတ်ဆက်ခဲ့ရတဲ့ အသင်းကြီးတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။

ပထမအဆင့်အုပ်စုပတ်လည် ပွဲစဉ်တွေကို ဇန်နဝါရီ ၁၈ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့ပြီး အုပ်စု(က)မှ မန္တလေးတိုင်းနဲ့ မွန်ပြည်နယ်၊ အုပ်စု(ခ)မှ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ လက်ရှိချန်ပီယံ ကချင်ပြည်နယ်၊ အုပ်စု(ဂ)မှ ကယားပြည်နယ်နဲ့ မကွေးတိုင်း၊ အုပ်စု(ဃ)မှ ရခိုင်ပြည်နယ်နဲ့ ပဲခူးတိုင်းတို့ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပါတယ်။ အသင်းကြီးတွေဖြစ်တဲ့ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းနဲ့ ကရင်ပြည်နယ်တို့ကတော့ စောစီးစွာပဲပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရပါတယ်။

အသင်းကြီးနှစ်သင်းကျန်ရစ်ခဲ့တဲ့ အုပ်စု(က)

အုပ်စုကျပ်လို့ပြောလို့ရတဲ့ အုပ်စု(က)မှာတော့ အိမ်ရှင်မန္တလေးကရှုံးပွဲမရှိဘဲ အုပ်စုပထမရခဲ့ပြီး မွန်ပြည်နယ်က အသင်းကြီးနှစ်သင်းဖြစ်တဲ့ ရန်ကုန်နဲ့စစ်ကိုင်းကို ကျော်ဖြတ်ပြီး အုပ်စုဒုတိယ ရယူနိုင်ခဲ့ပါတယ်။ ရန်ကုန်တိုင်းအသင်းဟာ နောက်ဆုံးပွဲစဉ်မှာ မွန်ပြည်နယ်ကို အနိုင်ရရင် အုပ်စုတက်နိုင်သေးပေမယ့် သရေသာကစားနိုင်ခဲ့တာကြောင့် အုပ်စုကထွက်ခဲ့ရတာဖြစ်ပါတယ်။ အိမ်ရှင်မန္တလေးတိုင်းကတော့ ကိုယ့်မြေ၊ ကိုယ့်ပရိသတ် ရှေ့မှောက်မှာ ခြေစွမ်းပြလျက်ရှိပြီး မွန်ကို သုံးဂိုး-ဂိုးမရှိ၊ ရန်ကုန်ကို ငါးဂိုး-နှစ်ဂိုးတို့နဲ့ ဂိုးပြတ်အနိုင်ယူကာ နောက်ဆုံးပွဲမှာ စစ်ကိုင်းနဲ့ နှစ်ဂိုးစီ သရေကျခဲ့ပါတယ်။ မွန်ပြည်နယ်ကတော့ မန္တလေးကို ပွဲဦးထွက် အရေးနိမ့်ခဲ့ပေမယ့် စစ်ကိုင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး ရန်ကုန်ကို နှစ်ဂိုးစီသရေကစားနိုင်ခဲ့တာကြောင့် အုပ်စု တက်ခဲ့တာ ဖြစ်ပါတယ်။ မန္တလေးက ခုနစ်မှတ်နဲ့ အုပ်စုပထမ၊ မွန်က လေးမှတ်နဲ့ အုပ်စု ဒုတိယရရှိခဲ့ပါတယ်။

ကချင်နဲ့ ရှမ်း/တောင်တို့ နောက်တစ်ဆင့်တက်တဲ့အုပ်စု(ခ)

ဒီအုပ်စုမှာတော့ ချန်ပီယံဟောင်း ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ လက်ရှိချန်ပီယံ ကချင်ပြည်နယ်တို့ ခြေစွမ်းပြခဲ့ကြပါတယ်။ နှစ်သင်းစလုံး ရမှတ်ငါးမှတ်စီရရှိခဲ့ကြပြီး အုပ်စုပထမနေရာအတွက် ဂိုးကွာခြားချက်နဲ့ ဆုံးဖြတ်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ (၅၃)ကြိမ်မြောက် ပြိုင်ပွဲမှာ ချန်ပီယံဘွဲ့လက်လွှတ်ခဲ့ရပြီး အောင်မြင်မှုမရခဲ့တာကြောင့် ဒီနှစ်မှာ အသေအချာပြင်ဆင်ထားတဲ့ ရှမ်း/တောင်အသင်းဟာ ပွဲဦးထွက်ပွဲမှာ ဧရာဝတီကို လေးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့ပါတယ်။ ရှမ်း/တောင်ဟာ ကချင်နဲ့ ဂိုးမရှိ သရေ၊ တနင်္သာရီနဲ့ တစ်ဂိုးစီသရေကျခဲ့ပါတယ်။ လက်ရှိချန်ပီယံ ကချင်ပြည်နယ်အသင်းကတော့ တနင်္သာရီကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပြီး ရှမ်း/တောင်နဲ့ ဂိုးမရှိသရေ၊ ဧရာဝတီနဲ့ နှစ်ဂိုးစီသရေကျခဲ့ပါတယ်။ သွင်းဂိုးငါးဂိုး၊ ပေးဂိုးနှစ်ဂိုးရှိတဲ့ ရှမ်း/တောင်က အုပ်စုပထမ၊ သွင်းဂိုးသုံးဂိုး၊ ပေးဂိုးနှစ်ဂိုးရှိတဲ့ ကချင်က အုပ်စုဒုတိယရရှိခဲ့ပါတယ်။

ရှမ်း/မြောက် မျက်နှာပန်းမလှခဲ့တဲ့အုပ်စု(ဂ)

ယမန်နှစ် (၅၃)ကြိမ်မြောက် ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ဗိုလ်လုပွဲမှာ ကချင်ပြည်နယ်ကိုရှုံးပြီး ဒုတိယနေရာနဲ့ ကျေနပ်ခဲ့ရတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းကတော့ အခုပြိုင်ပွဲမှာ ပထမအဆင့်ကပဲ ထွက်ခဲ့ရပါတယ်။ ဒီအုပ်စု(ဂ)မှာ ခြေစွမ်းပြသွားတာကတော့ ကယားပြည်နယ်ဖြစ်ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်နဲ့ အုပ်စုပထမနေရာ ရယူနိုင်ခဲ့ပါတယ်။ မကွေးကို တစ်ဂိုး-ဂိုးမရှိ၊ ကရင်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ရှမ်း/မြောက်နဲ့ တစ်ဂိုးစီသရေကျခဲ့တာဖြစ်ပါတယ်။ အုပ်စုဒုတိယနေရာကိုတော့ မကွေးတိုင်းဟာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်နဲ့ ရယူနိုင်ခဲ့ပါတယ်။ ကယားကိုသာ အရေးနိမ့်ခဲ့ပြီး ကရင်ကိုလေးဂိုးပြတ်၊ ရှမ်း/မြောက်ကို လေးဂိုး-တစ်ဂိုး တို့နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ခြောက်မှတ်သုံးသင်းနဲ့ အကြိတ်အနယ်ဖြစ်ခဲ့တဲ့ အုပ်စု(ဃ)

အုပ်စု(ဃ)မှာတော့ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနဲ့ ရှမ်း(အရှေ့)တို့ သုံးပွဲကစားအပြီးမှာ ခြောက်မှတ်စီရရှိခဲ့လို့ အုပ်စုတက်ဖို့ အပြိုင်ဖြစ်ခဲ့ပါတယ်။ အမှတ်တွေတူနေလို့ ဂိုးကွာခြားချက်နဲ့ ဆုံးဖြတ်ရာမှာ သွင်းဂိုးရှစ်ဂိုး ပေးဂိုးလေးဂိုးရှိတဲ့ ရခိုင်ပြည်နယ်က အုပ်စုပထမ၊ သွင်းဂိုးခုနစ်ဂိုး၊ ပေးဂိုးသုံးဂိုးရှိတဲ့ ပဲခူးတိုင်းက အုပ်စုဒုတိယရရှိခဲ့ပါတယ်။ သွင်းဂိုးရှစ်ဂိုး၊ ပေးဂိုးငါးဂိုးရှိတဲ့ ရှမ်း(အရှေ့)ကတော့ ဂိုးကွာခြားချက်နဲ့ အုပ်စုက ထွက်ခဲ့ရပြီး ချင်းပြည်နယ်ကတော့ နိုင်ပွဲလုံးဝမရှိခဲ့ပါဘူး။ ရခိုင်ပြည်နယ်အသင်းဟာ ချင်းကိုလေးဂိုးပြတ်၊ ပဲခူးကို နှစ်ဂိုးပြတ်တို့နဲ့ အနိုင်ရပြီး ရှမ်း(အရှေ့)ကို လေးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ပဲခူးတိုင်းကတော့ ရှမ်း(အရှေ့)ကို နှစ်ဂိုး-ဂိုးမရှိ၊ ချင်းပြည်နယ်ကို ငါးဂိုး-တစ်ဂိုးတို့နဲ့အနိုင်ရခဲ့ပြီး ရခိုင်ကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

အအောင်မြင်ဆုံးနှစ်သင်း တစ်အုပ်စုတည်းကျရောက်နေတဲ့ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွေကို ရေးဆွဲပြီးတဲ့အခါမှာတော့ ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်တဲ့ မန္တလေးတိုင်းအသင်းနဲ့ ဒုတိယအအောင်မြင်ဆုံးဖြစ်တဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ဟာ တစ်အုပ်စုတည်း ကျရောက်နေပါတယ်။ (ကက)အုပ်စုမှာ မန္တလေးတိုင်း၊ ရှမ်း(တောင်)၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ (ခခ)အုပ်စုမှာ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ ကချင်ပြည်နယ်တို့ ပါဝင်နေပါတယ်။ တစ်သင်းနဲ့ တစ်သင်းအကွာကြီးမဟုတ်လို့ အကြိုဗိုလ်လုပွဲရောက်ဖို့ အပြိုင်အဆိုင်ကြိုးစားရမယ့် အနေအထားမှာ ရှိနေပါတယ်။ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွေကို ဇန်နဝါရီ ၂၈ရက်မှာ စတင်ကျင်းပနေပြီး ဖေဖော်ဝါရီ ၄ရက်မှာ ပြီးဆုံးမှာဖြစ်ပါတယ်။

အခုဒုတိယအဆင့်အုပ်စုကို ပြည်ထောင်စုဒိုင်းကြီးရရှိဖူးတဲ့ မန္တလေး၊ ရှမ်း(တောင်)၊ မကွေး၊ ပဲခူး၊ ကချင်နဲ့ မွန်တို့ ခြောက်သင်း၊ ချန်ပီယံမဖြစ်ဖူးသေးတဲ့ ကယားနဲ့ ရခိုင်တို့ တက်ရောက်လာကြပါတယ်။ မန္တလေးမြေမှာကျင်းပတဲ့ (၅၄)ကြိမ်မြောက်ပြိုင်ပွဲမှာ ပြည်ထောင်စုဒိုင်းကြီးကိုရရှိဖူးတဲ့ အသင်းတွေထဲကပဲ ထပ်မံရရှိသွားမလား၊ ချန်ပီယံအသင်းသစ်ထွက်ပေါ်လာမလားဆိုတာကတော့…။

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တက္ကသိုလ်သတ္တဗေဒ ကျောင်းသားကျောင်းသူဟောင်းများ (၁၉၆၆-၁၉၉၆)၏တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၅ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်နိကာယသာသနာ့လက်ာရမဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌဦးကျော်က ဂါရဝပြုစကား ပြောကြားပြီး ကန်တော့ခံ ဆရာ ဆရာမကြီးများ၏ကိုယ်စား ပါမောက္ခဒေါ်တင်နွယ်က ဩဝါဒစကားပြောကြား၍ ဆရာ ဆရာမကြီးများအား ကန်တော့ကြသည်။

ဆုံးမဩဝါဒစကား

ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့ငွေနှင့် ဂါရဝလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး ကန်တော့ခံ ဆရာ ဆရာမကြီးများ၏ ကိုယ်စား အငြိမ်းစား ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက ဆုံးမဩဝါဒစကားပြောကြား၍ ကျောင်းသားကျောင်းသူဟောင်းများကိုယ်စား ဒေါ်ကေသီခိုင်နှင့် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်းတို့က ကျေးဇူးတင်စကား ပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များအတွက် သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင် လှူဒါန်း တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ် ဟောပြောပို့ချ

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၃၀

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သတင်းစာ၊ မဂ္ဂဇင်းနှင့် စာစောင်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သတင်းစာ၊ မဂ္ဂဇင်းနှင့် စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရမည်းသင်းခရိုင် ဝါယ်ယူရေးဒိုင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ငွေချည် (၆) ဝါယ်ယူနေမှုနှင့် ဝါသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပြည်တော်သာကန်၌ ကန်ပြန်လည်ပြုပြင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ခရိုင်ဆည်မြောင်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ယာယီရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာန တိုင်းဦးစီးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ခရိုင်အတွင်း တည်ဆောက်ဆဲ၊တည်ဆောက်ပြီးနှင့် တည်ဆောက်မည့်ဆည်၊ကန်ငယ်များ အခြေအနေကို ရှင်းလင်းတင်ပြရာတိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပျော်ဘွယ်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြု ဘာသာရပ်ဟောပြောပို့ချပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဟောပြောပို့ချပေးသော ဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်ကွတ်မြို့ ပြည်သာယာလမ်းသွယ် ၁၀ ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့် ပတ်သက်သည်များကို ပြောကြားကာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

နှုတ်ဆက်

ဆက်လက်၍ တိုင်းမှူးသည် မူလတန်းကြိုကျောင်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် သည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည်ပျော်ဘွယ်-နတ်မောက်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိ၍ စီမံကိန်း အင်ဂျင်နီယာ၏ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရထားလမ်းဥမင်လိုဏ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လူသွားခုံးကျော်တံတား တည်ဆောက်မည့်နေရာနှင့် ရိုးကြီးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူများအပေါ် စိတ်ရင်းစေတနာမှန်ဖြင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံ လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းလမ်းမှန်ကန်စွာ စနစ်တကျဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဇန်နဝါရီ ၂၄ရက် ညနေပိုင်းက ဇေယျာဝတီတိုင်းသြောင်တုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအားတွေ့ဆုံ၍ ပြည်သူများအပေါ် စိတ်ရင်းစေတနာမှန်ဖြင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းလမ်းမှန်ကန်စွာ စနစ်တကျဆောင်ရွက်ကြရေးမှာကြားကာ မြို့နယ်ရုံး၏ မှတ်တမ်းခန်းအတွင်း မှတ်တမ်းစာရင်းဇယားဖိုင်တွဲများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဝန်ကြီးသည် ဇန်နဝါရီ ၂၅ရက် ညနေပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့ရှိ မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအားလည်းကောင်း၊ ဇန်နဝါရီ ၂၆ရက်က ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြည်နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ(**အပေါ်ပုံ**)၊ကျိုင်းတုံ၊တာချီလိတ်နှင့်မိုင်းဖြတ်တို့မှ ခရိုင်ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံရာ ရှေးဦးစွာ ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း လူဦးရေ၊ လူမျိုးနှင့်အိမ်ထောင်စုများ အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး မိုင်းခတ်မြို့နှင့် ကျိုင်းတုံမြို့နယ် ဦးစီးဌာနမှူးရုံးတို့ရှိ မှတ်တမ်းခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖားကန့်စည်ပင် ရေပေးရေးလုပ်ငန်း ဆောင်ရွက်

ဖားကန့် ဇန်နဝါရီ ၃၀

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ရေပေးရေးလုပ်ငန်းမှ ရေစုကန်အတွင်းရေတင်ပို့မှု အခြေအနေနှင့် ရေပိုက်လိုင်းများအခြေအနေကို ဇန်နဝါရီ ၂၈ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်စစ်ဆေးခဲ့ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနိုင်ထွန်းလှိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမက(၅)ဖျာပုံ ကျောင်းဆောင်သစ်ဖွင့်ပွဲ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၃၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်သည် ဇန်နဝါရီ ၂၅ရက်က ဖျာပုံမြို့ အမှတ်(၁၁) ရပ်ကွက်ရှိ အလှူရှင် ဦးအောင်ဇော်မြင့် (ရွှေဝါလင်းအင်တာနေရှင်နယ်)နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာ မြတ်မြတ်အုန်းခင် မိသားစုက လှူဒါန်းသည့် အမှတ်(၅)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ **(အပေါ်ပုံ)** ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ အမှာစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဖျာပုံမြို့နယ် အပြောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကျေးရွာ၊ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် ဖျာပုံမြို့ အမှတ်(၁၇)ရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ကျောင်းဆောင်သစ်၌ တွဲဖက်ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းတို့ကို ကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ဆောင်မှု ပေးသွားမည်

ရန်ကုန် ဇန်နဝါရီ ၃၀

အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားရာတွင် အလုပ်အကိုင် အခွင့်အလမ်းပေါများသည့် ပညာရပ်များကို ပိုမိုလေးနက်စွာဖြင့် ရွေးချယ်ဆုံးဖြတ်ရန် ကမ္ဘာ့အရပ်ရပ်ရှိ ပညာရှင်များက တိုက်တွန်းလျက်ရှိကြသည်။

စရိတ်သက်သာ

သို့ဖြစ်၍ STIEducation သည် ဩစတြေးလျနိုင်ငံရှိ TAFE Institutes (Technical and Further Education) နှင့် ပူးပေါင်း၍ အချိန်တိုစရိတ်သက်သာပြီး အာမခံချက်ပြည့်ဝသည့် ဒီပလိုမာသင်တန်းများကို ဩစတြေးလျနိုင်ငံတွင် တက်ရောက်နိုင်မည့် ပညာရေးဝန်ဆောင်မှုကို စတင်ပေးဆောင်သွားမည်ဖြစ်သည်။

အလုပ်လုပ်ခွင့်

TAFE Institutes ၌သင်ကြားလျက်ရှိသည့် ဒီပလိုမာသင်တန်းများကို ရွေးချယ်ရခြင်းအကြောင်းမှာ သင်တန်းပြီးဆုံးသူများသည်။ ကမ္ဘာ့တစ်ဝန်း အလုပ်အကိုင်အခွင့်အလမ်းပေါများခြင်း၊ ဒီပလိုမာပြီးဆုံးရန် တစ်နှစ်ခန့်သာကြာမြင့်ပြီး နောင်လုပ်ငန်းခွင်ဝင်၍ အချိန်မရွေးဘွဲ့ရရှိရန် ဆက်လက်သင်ကြားနိုင်ခြင်း၊ အစိုးရပိုင် Institute ဖြစ်သည့် အားလျော်စွာ သင်တန်းကြေးမှာ သက်သာပြီး ခိုင်မာသည့် နိုင်ငံတကာအသိအမှတ်ပြုစနစ်ဖြစ်ခြင်း၊ နိုင်ငံတကာကျောင်းများအတွက် ပညာရေး၊ လူမှုရေး၊ အလုပ်အကိုင်ရရှိရေးတို့ ပံ့ပိုးကူညီခြင်း၊ နေရာထိုင်ခင်း ပုံစံအမျိုးမျိုးအနက် မိမိနှင့်ဆီလျော်ရာကို ရွေးချယ်နေထိုင်နိုင်ခြင်း၊ ကျောင်းတက်စဉ်ကာလအတွင်းဩစတြေးလျနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနက (အချိန်ပိုင်း) တစ်ပတ်လျှင် နာရီ ၂၀ အလုပ်လုပ်ခွင့်ပြုခြင်းနှင့် ကျောင်းပိတ်ရက်တွင် အချိန်ပြည့် အလုပ်လုပ်ခွင့်ရှိခြင်းတို့ကြောင့်ဖြစ်သည်။

သင်တန်းများ

TAFE Institutes ၌ ကောလိပ်ပေါင်း တစ်ရာကျော်နှင့် Institutes ပေါင်း တစ်ဆယ်ကျော်ပါဝင်သည်။ Diploma မှ Degree အတွက် သင်ကြားနိုင်သည့် သင်တန်းများမှာ Maritime, Aviation, Building, Construction, Engineering, Nursing, Aged Care, Dental Technology, Pharmacy, ICT, Music, Media, Fashion, Hair- dressing, Design, Beauty, Accounting, Business, Environment, Horticulturte, Agriculture, Laboratory Technology, Sport နှင့်အခြား အသက်မွေးဝမ်းကျောင်း သင်တန်းများ ပါဝင်သည်။

ဆက်သွယ်စာရင်းပေး

ယင်းတို့နှင့် စပ်လျဉ်းသည့် Study in Australian open Day ကိုရန်ကုန်မြို့ရှိ Park Royal Hotel ၌ ဖေဖော်ဝါရီ ၂၁ရက် (စနေနေ့) နံနက် ၁၀နာရီတွင် Australian Education Consultant Ms. Jean Braid နှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးပြောကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် STI သင်တန်းကျောင်းတည်ရှိရာ အမှတ် ၃၇၇ ရွှေဘုံသာလမ်း(အထက်) နှင့် အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ ဖုန်း-၅၀၇၀၄၈၊ ၅၀၇၁၅၁/၅၂၊ ၂၅၀၀၅၆နှင့်၇၀၀၂၇၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

ရွေးချယ်နိုင်

အဆိုပါ ဆွေးနွေးပွဲတွင် ဩစတြေးလျနိုင်ငံ၌ လက်ရှိလိုအပ်လျက်ရှိသည့် Skills နှင့် Occupation များကိုပါ ပြောကြားသွားမည်ဖြစ်ရာ မိမိနှင့် သင့်လျော်သည့် ပညာရပ်ကို ရွေးချယ်နိုင်ရန် ကျောင်းသားများ၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်းများပါ ယူဆောင်လာရန် လိုအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နမ့်စန်မြို့ ဒေသဖွံ့ဖြိုးရေး တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်သည် ဇန်နဝါရီ ၂၁ရက်တွင် နမ့်စန်မြို့နယ်ရှိ ဝမ်ပုံရေလှောင်တမံစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးသည် နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသို့ရောက်ရှိရာ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအင်ဂျင်နီယာက နမ့်စန်-ကျိုင်းတုံ ရထားလမ်း လမ်းအူကြောင်း ရွေးချယ်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းများ ရေးသားပေးပို့နိုင်

နေပြည်တော် ဇန်နဝါရီ ၃၀

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လူသားအားလုံး၏ ကျန်းမာရေးအတွက် နှစ်စဉ် ဧပြီ ၇ရက်တိုင်းတွင် ဆောင်ပုဒ်တစ်ခု ရွေးချယ်သတ်မှတ်ကာ တစ်နှစ်တာအတွင်း ဦးစားပေးလုပ်ဆောင်သင့်သည့် ကျန်းမာရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံများအား နှိုးဆော်လေ့ရှိသည်။

၂၀၀၉ ခုနှစ်အတွက် ရွေးချယ်ထားသော ဆောင်ပုဒ်မှာ "Protect Health facilitie from Emergencies; Prepare. Respond. Save Lives."ဖြစ်ပြီး အဆိုပါဆောင်ပုဒ်ကိုမှီ၍ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းများ ရေးသားပြီး မတ် ၂ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး ကျန်းမာရေးပညာ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ *ကျောဖုံးမှ*

လျင်မြန်စွာသက်သာစေပြီး တစ်နေ့လျှင် နှစ်ကြိမ်ခန့် သွားနှင့်သွားဖုံးများကို ပွတ်တိုက်သန့်စင်ပေးပါက သွားရောဂါနှင့် သွားဖုံးရောဂါများကို ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

ကာကွယ်နိုင်

ထို့အပြင် ငရုတ်ကောင်းအပင်မှ အရွက်များကိုအခြောက်လှန်းကာ ရေနွေးကြမ်းတွင် ထည့်ကာသောက်သုံးပါက ခံတွင်းအနံ့ဆိုးခြင်းနှင့်ခံတွင်းရောဂါများဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်းသိရသည်။

ငရုတ်ကောင်းရွက်များထည့်ထားသော ရေနွေးကြမ်းကို သီတင်းတစ်ပတ်လျှင်တစ်ကြိမ်ခန့် ပုံမှန်သောက်သုံးပေးပါက အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်မှု အခွင့်အလမ်းနည်းပါးစေကြောင်း သုတေသနပြုချက်၌ ဖော်ပြသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁-၂၀၀၉ (စနေနေ့)

AM & PM

၇း၀၀	-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	-၁း၀၅	**ငါးစာမှန်း သိကြပါ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈း၀၀	-၂း၀၀	ခေတ်မီ ဓာတုနည်းပညာဖြင့် သန့်စင်ထားရွှေစင်ရွှေပြားများ
၈း၂၀	-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀	-၂း၅၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၉း၀၅	-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀	-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	-၃း၂၀	Shopping Guide (Ladies Heart Fashion)
၉း၄၀	-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	-၃း၄၅	ရိုးရာအလုပ်မှာ နှီးတောင်း နှီးဖျာ
၁၀း၀၀	-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀	-၄း၁၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၂၅	-၄း၂၅	**လုံလုံလုံ**(ဖိုးညက်၊ မေကဗျာ၊ ဖြိုးသီရိခေတ်) (ဒါရိုက်တာ မလိခစိုးထိုက်အောင်)
၁၀း၃၀	-၄း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀	-၄း၄၀	Own Creative Fashion
၁၁း၀၀	-၅း၀၀	လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
၁၁း၁၅	-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	-၅း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာ မောင်မောင်ထွန်းအောင်(ကျန်းမာရေး)နှင့် တွေ့ဆုံခြင်း]
၁၁း၅၀	-၅း၅၀	သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့
၁၂း၀၀	-၆း၀၀	သွားမယ်စားမယ် Cafe Liberal Music Longue
၁၂း၁၅	-၆း၁၅	အောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်သော အသည်းအစားထိုးကုသခြင်း
၁၂း၄၅	-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	-၆း၅၀	Yangon Panorama (ပါဝါ စိန်ရွှေရတနာဆိုင် ပြောင်းရွှေ့ဖွင့်လှစ်ပွဲ အခမ်းအနား)
၁း၀၀	-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Stoke City -Man City	ESPN (Live)
၉း၂၅	Arsenal-West Ham	ESPN (Live)
	Aston Villa-Wigan	STAR SPORTS(Live)
၁၁း၃	Fulham -Portsmouth	STAR SPORTS(SDD)
၁၁း၅၅	Bolton -Tottenham	ESPN (SDD)

ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။

Seriese A **ဘောလုံးပွဲစဉ်**

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Juventus-Cagliari	5-Cartoon (Live)

● *ကျောဖုံးမှ*

နိုင်ငံတော်အကြီးအကဲက လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာ ဒေသတစ်ခုစီ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးလည်း တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းဆက်သွယ်သည့် လမ်းများကောင်းမွန်ရန် လိုအပ်သကဲ့သို့ အခြားဒေသများနှင့်ဆက်သွယ်သည့်လမ်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း လမ်းညွှန်ခဲ့သည်။ အဆိုပါလမ်းညွှန်ချက်နှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းသစ်ကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ကုန်စည်စီးဆင်းမှု

ယခင်ကာလက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်ဘက်မှ ခရီးသွားပြည်သူများ၊ ကုန်စည်များသည် ရထားနှင့် ရန်ကုန်ဘက်သို့ သယ်ပို့သွားလာသည့်အခါ သာစည်မှတစ်ဆင့် ကူးပြောင်းပြီး ခရီးဆက်ရသည့်အတွက် အချိန်ကုန်လူပန်းမှု၊ စရိတ်စကပိုမိုကုန်ကျမှုစသော အခက်အခဲများ တွေ့ကြုံခံစားခဲ့ရသဖြင့် ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းပိုင်းကို ဆက်စပ်ပြီး ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ ထွက်ရှိသော ဒေသထွက်ကုန်များကို ရထားဖြင့် သယ်ယူပို့ဆောင်ရာ၌ သာစည်ကိုဝင်စရာမလိုတော့ဘဲ နေပြည်တော်နှင့် ရန်ကုန်မြို့များသို့ ရထားဖြင့် တောက်လျှောက်သယ်ယူ ပို့ဆောင်သွားလာနိုင်တော့မည် ဖြစ်၍ လမ်းပန်းဆက်သွယ်မှု၊ ကုန်စည်စီးဆင်းမှုတို့ကို များစွာ အထောက်အကူပြုမည့် ဆက်စပ်ရထားလမ်းတစ်ခုဖြစ်သည်။

ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းသစ်ဖွင့်လှစ်ခဲ့ခြင်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်၊ နမ့်စန်၊ မိုးနဲဒေသနှင့် ကယားပြည်နယ် လွိုင်ကော်ဒေသတို့ရှိ တိုင်းရင်းသားပြည်သူများ ကူးသန်းသွားလာမှု လွယ်ကူချောမွေ့ပြီး ခရီးသည်နှင့် ကုန်စည်များကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စု မှတ်တမ်းပြုလိုက်ပါရစေ။ ။

(မြန်မာ့အလင်း)

ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

မူးယစ်ကင်းစင် အလှဆင်

မြန်မာ့အလင်း
အင်တာနက် သဘာဝဘေးဖောင်ဗိုက်

ဘရာဇီးတောင်ပိုင်း၌ ရေလွှမ်း ခြောက်ဦးသေဆုံး၊ မြစ်ကူးတံတား ကျိုးကျ

ဘရာဆီးလီးယား ဇန်နဝါရီ ၃၀

ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန် ဒီဒိုဆူလ်ပြည်နယ်တွင် ဇန်နဝါရီ ၃၀ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း၊ လူအချို့ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဘရာဇီးနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

မျောပါ

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကာပါအိုဒိုလီရာအိုမြို့ရှိ မြစ်ကူးတံတားတစ်စင်း တစ်ဟုန်ထိုးစီးဆင်းသောမြစ်ရေကြောင့် ကျိုးကျခဲ့ရာ မော်တော်ယာဉ်နှစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ ရေထဲမျောပါသွားခဲ့သည်။

ရှာဖွေ

ရေလွှမ်းမှုကြောင့်ပျောက်ဆုံးနေသူအချို့ကို ကယ်ဆယ်ရေးအဖွဲ့များက

ရှာဖွေလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ဖိလစ်ပိုင်တောင်ပိုင်း၌ မိုးသည်းထန် နေအိမ်များရေလွှမ်း၊ နှစ်ဦးပျောက်ဆုံး

မနီလာ ဇန်နဝါရီ ၃၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဇန်နဝါရီ ၃၀ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ကာ နေအိမ်အများအပြား ရေလွှမ်းခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

ပျောက်ဆုံး

ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ ထောင်ပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး ကောက်ပဲသီးနှံ စိုက်ပျိုးမြေများ ရေလွှမ်းခဲ့ကြောင်း၊ လူနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှား၌မြေပြိုမှုဖြစ်ပွား ခြောက်ဦးသေဆုံး၊နေအိမ်များပျက်စီး

ဂျကာတာ ဇန်နဝါရီ ၃၀

အင်ဒိုနီးရှားနိုင်ငံ မီရီကျေးရွာတွင် ဇန်နဝါရီ၃၀ရက်နံနက်က မြေပြိုမှုဖြစ်ပွားရာ ကျေးရွာသားခြောက်ဦး သေဆုံးသွားကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ပျက်စီး

မြေပြိုမှုမှာ နံနက်၁၀နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိသားစုဝင်များအားလုံးရှိနေစဉ် ရုတ်တရက် မြေပြိုခဲ့ကာ သေဆုံးခဲ့ရခြင်းဖြစ်သည်။ မြေပြိုမှုကြောင့် နေအိမ်သုံးလုံး ပျက်စီးခဲ့သည်။

အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၃၀

အာရှနိုင်ငံအချို့တွင် ဇန်နဝါရီ ၃၀ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်ပေါ်နိုင်ဖွယ်ရှိသော ရာသီဥတုအနေအထား ခန့်မှန်းချက်ကို အင်တာနက်မှရယူကာ ဖော်ပြလိုက်ပါသည်-

ဖိလစ်ပိုင်

ဖိလစ်ပိုင်တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန် ၃၁ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ဒေသအများအပြားတွင် တိမ်ထူထပ်ခဲ့သည်။ ဖိလစ်ပိုင်တောင်ပိုင်းဒေသအချို့တွင် မိုးရွာပြီး ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည်။ အနောက်ဘက်မှလေများ တစ်နာရီလေးမိုင်နှုန်းသာတိုက်ခတ်ခဲ့ပြီး ဒေသအများအပြား၌ သာယာခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ နေ့အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၂၂ဒီဂရီစင်တီဂရိတ်ရှိနိုင်သည်။ ဖိလစ်ပိုင်ကမ်းလွန်တွင် မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး ကမ်းခြေဒေသများ၌ မိုးရွာသွန်းနိုင်ကြောင်း ဖော်ပြသည်။

ထိုင်း

ထိုင်းနိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၃၀ရက်က ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ မြို့တော်ဗန်ကောက်တွင် နေ့အပူချိန် ၂၅ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၃၃ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများ အအေးပိုလာနိုင်ပြီး နေ့အပူချိန်များ ဆက်လက်ကျဆင်းနိုင်သည်။ ထိုင်းပင်လယ်ပြင်တွင် တစ်နာရီမိုင် ၃၀ နှုန်း လေပြင်းများ တိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ နေ့အပူချိန်များ ၃၃ဒီဂရီစင်တီဂရိတ်အထိရှိခဲ့ပြီး သာသာယာယာရှိခဲ့သည်။ ညပိုင်းအပူချိန် ၂၂ဒီဂရီစင်တီဂရိတ်ရှိပြီး အအေးပိုကာ နံနက်ပိုင်း ဆီးနှင်းများကျဆင်းခဲ့သည်။ သီရိလင်္ကာနိုင်ငံတစ်ဝန်း နေရာဒေသအများအပြား၌ တိမ်ကင်းစင်ကာ အရှေ့မြောက်မှလေများ တစ်နာရီ ၁၅မိုင်နှုန်း တိုက်ခတ်ခဲ့သဖြင့် အအေးဓာတ်လွှမ်းခြုံခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ သီရိလင်္ကာကမ်းလွန်တွင် မိုးသက်လေပြင်းများ တစ်နာရီမိုင် ၄၀နှုန်း တိုက်ခတ်နိုင်သည်။ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသအချို့၌ မိုးအနည်းငယ်ရွာသွန်းနိုင်ကာ တောင်ပိုင်းဒေသများတွင် တိမ်များဖြစ်ထွန်းမည်ဖြစ်ကြောင်း ခန့်မှန်းသည်။

အာဖဂန်နစ္စတန်

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသများတွင် နံနက်ပိုင်း ဆီးနှင်းများ ကျဆင်းခဲ့သည်။ မြို့တော်ကဘူးလ်မြို့၌ နေ့အပူချိန် ၂၂ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန် ၁၈ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့သည်။ ကဘူးလ်မြို့တွင် နံနက်ပိုင်း ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ပြီး တောင်ပိုင်းဒေသအချို့၌ မိုးဖွဲဖွဲ ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ တောင်ပိုင်းဒေသများတွင် ညပိုင်းအအေးပိုလာကာ တစ်နာရီ မိုင်၃၀နှုန်းလေပြင်းများ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းသည်။

လာအို

လာအိုနိုင်ငံတစ်ဝန်း ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး သာယာခဲ့သည်။ သို့သော် လာအိုတောင်ပိုင်းဒေသအချို့၌ နံနက်ပိုင်းဆီးနှင်းများ ကျဆင်းခဲ့ပြီး တိမ်ထူထပ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ လာအိုတစ်နိုင်ငံလုံး နေ့အပူချိန်များ ၃၁ဒီဂရီစင်တီဂရိတ်အထိ ပြန်မြင့်တက်လာမည်ဖြစ်သည်။ လာအိုနိုင်ငံအရှေ့ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးရွာသွန်းနိုင်ပြီး မြောက်ပိုင်းမှ လေအေးများ တစ်နာရီ မိုင် ၃၀ခန့် တိုက်ခတ်နိုင်မည်ဖြစ်သည်။ ကျန်ဒေသများ၌ တိမ်ကင်းစင်ကာ သာယာမည်ဖြစ်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

(အင်တာနက်)

● **ရှေ့ဖုံးမှ**

ဌာနလျှပ်စစ် မြစ်ရေတင်လုပ်ငန်း ၁၁ခု၊ ဌာနဒီဇယ် ရေတင်လုပ်ငန်း ရှစ်ခု ပေါင်း၂၃ခု၊ တည်ဆောက်ဆဲ လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်း ငါးခု၊ ဌာနလျှပ်စစ်မြစ်ရေတင် လုပ်ငန်းလေးခု ပေါင်းကိုးခု၊ ထပ်မံတည်ဆောက်မည့် ဌာနလျှပ်စစ်ရေတင်လုပ်ငန်းတစ်ခု စုစုပေါင်းအထူးစီမံကိန်း ကိုးခုနှင့် ဌာနရေတင် လုပ်ငန်း ၂၄ခု ပေါင်း၃၃ခုဖြစ်သည်။

ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန အနေဖြင့် ရန်ကုန်တိုင်းအတွင်းဌာန၏ ရည်မှန်းချက်ဖြစ်သည့် နွေစပါးစိုက်ဧကများကို စိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်ရန် ရည်ရွယ်၍ ဌာနရေတင် လုပ်ငန်းနှင့် လျှပ်စစ် မြစ်ရေတင်အထူး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် တည်ဆောက်ပြီး ဌာနရေတင် လုပ်ငန်းများနှင့် လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်း ၂၃ခုမှ စိုက်ပျိုးမြေ ၂၉၉၅၅ဧက၊ တည်ဆောက်ဆဲဌာနရေတင်လုပ်ငန်းများနှင့် လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်းကိုးခုမှ စိုက်ပျိုးမြေ ဧက ၃၆၈၀၀စုစုပေါင်းလုပ်ငန်းနှင့်စီမံကိန်း ၃၂ခုမှ စိုက်ပျိုးမြေ ၆၆၇၅၅ဧကကို အကျိုးပြုနိုင်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

အထူးစီမံကိန်း

တိုက်ကြီးမြို့နယ်တွင် တည်ဆောက်ပြီး အထူးစီမံကိန်းများနှင့် ဌာနလုပ်ငန်းများအဖြစ်အိုင်ကလောင် လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်း (ယခင်အလဘုတ် လျှပ်စစ်ရေတင် လုပ်ငန်း အပါအဝင်)၊ သပြေတန်း လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်း (ယခင် တော်လတီ လျှပ်စစ်ရေတင် လုပ်ငန်းအပါအဝင်)၊ တောင်ရပ်ဇီးကုန်းဌာန လျှပ်စစ်ရေတင်လုပ်ငန်း၊ တည်ဆောက်ဆဲ ဌာနလုပ်ငန်းအဖြစ် မင်းလှဝလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ထပ်မံတည်ဆောက်မည့် လျှပ်စစ်ရေတင်ဌာနလုပ်ငန်းအဖြစ်ဆင်ခြံလျှပ်စစ်ရေတင်လုပ်ငန်းတို့ ပါဝင်သည်။

ထန်းတပင်မြို့နယ်တွင် တည်ဆောက်ပြီး အထူးစီမံကိန်းများနှင့် ဌာနလုပ်ငန်းများအဖြစ်ရေပေါ်သောင် လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်း၊ ကြို့ကုန်း လျှပ်စစ်မြစ်ရေတင် အထူးစီမံကိန်းနှင့် လမုတန်း လျှပ်စစ်ရေတင်လုပ်ငန်းနှင့် ကျွန်းငူလျှပ်စစ်ရေတင်လုပ်ငန်း၊ တည်ဆောက်ဆဲအဖြစ် ငွေ့တန်းရှည် လျှပ်စစ်မြစ်ရေတင်အထူးစီမံကိန်း၊ အစုကြီးလျှပ်စစ်ရေတင်လုပ်ငန်းနှင့်အလိန်လည်လျှပ်စစ်ရေတင်လုပ်ငန်းတို့ ပါဝင်သည်။

မှော်ဘီမြို့နယ်တွင်တည်ဆောက်ပြီး ဌာနလုပ်ငန်းအဖြစ် မြောင်းတကာ လျှပ်စစ် ရေတင်လုပ်ငန်းနှင့် တည် ဆောက်ဆဲ စီမံကိန်းအဖြစ် ကံကလေးလျှပ်စစ်မြစ်ရေတင်အထူးစီမံကိန်း တို့ပါဝင်သည်။ မင်္ဂလာဒုံမြို့နယ်တွင် တည်ဆောက်ပြီး ဌာနလုပ်ငန်းအဖြစ် စမ်းကြီးဝ လျှပ်စစ်ရေတင်လုပ်ငန်းပါဝင်သည်။လှည်းကူးမြို့နယ်တွင် တည်ဆောက်ပြီး ဌာနလုပ်ငန်းအဖြစ် ဘားလား(၁)နှင့် ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင်လုပ်ငန်း၊ မလစ်လျှပ်စစ် ရေတင်လုပ်ငန်း၊ ရေကျော်လျှပ်စစ်ရေတင်လုပ်ငန်း၊ ဆင်ဖုံ လျှပ်စစ်ရေတင်လုပ်ငန်းနှင့် ငွေနံ့သာ လျှပ်စစ်ရေတင်လုပ်ငန်း၊ တည်ဆောက်ဆဲစီမံကိန်းများနှင့်ဌာနလုပ်ငန်းအဖြစ် စစ်ပင်လျှပ်စစ်ရေတင်လုပ်ငန်း၊ ငမိုးရိပ်လျှပ်စစ်ရေတင် အထူးစီမံကိန်းနှင့် လက်ပံလျှပ်စစ်ရေတင်အထူးစီမံကိန်းတို့ ပါဝင်သည်။

သန်လျင်မြို့နယ်တွင်တည်ဆောက်ပြီး ဌာနလုပ်ငန်းအဖြစ်အလွမ်းဆွတ် လျှပ်စစ်ရေတင်လုပ်ငန်း၊ တည်ဆောက်ဆဲစီမံကိန်းအဖြစ်ခရမ်းချောင်းလျှပ်စစ်ရေတင်အထူးစီမံကိန်းတို့ပါဝင်သည်။

ပိုမိုတိုးချဲ့

ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနသည် ၁၉၉၅ မှစတင်၍ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ ဒီဇယ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ကုန်ကျစရိတ် သက်သာပြီး အကျိုးပြုဧက ပိုမိုတိုးချဲ့နိုင်သော လျှပ်စစ်ရေတင် လုပ်ငန်းများအဖြစ်သို့ အဆင့်ဆင့်ပြောင်းလဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကျန်ရှိနေသေးသည့် ဒီဇယ်ရေတင်လုပ်ငန်း ရှစ်ခုဖြစ်သော ကလော့သွပ်၊ ဥက္ကံချောင်းပိတ်၊ ဖလုံရွာမ၊ ကံကလေးအေ၊ ရေဒလဘောင်၊ အင်္ဂလုံး၊ ရေတိမ်နှင့် ခလောက်တစ်ရာတို့မှာလည်း လျှပ်စစ်ရေတင် အထူးစီမံကိန်းများ၏ ရေသောက်ဧရိယာနှင့် တစ်ဆက်တစ်စပ်တည်းပါဝင်သွားရန် ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။

ဖြည့်စွက်ဆောင်ရွက်

ယခုအခါ လျှပ်စစ်ဓာတ်အား ချွေတာ သုံးစွဲနိုင်ရေးနှင့် ပုံမှန်စိုက်ပျိုးရေ ပေးဝေနိုင်ရေးတို့အတွက် စပါးခွံဓာတ်ငွေ့လောင်စာ အသုံးပြု အင်ဂျင်ရေတင်စက် (Biomass Gasifier Engine Pump Set)ကို အသုံးပြု၍ ဇီဝစွမ်းအင်ဖြင့် ရေတင်ခြင်းလုပ်ငန်းကိုပါ ဖြည့်စွက် ဆောင်ရွက်လျက်ရှိသည်။ စပါးခွံ ဓာတ်ငွေ့လောင်စာ အသုံးပြု၍ ရေတင်ခြင်းဖြင့် ကုန်ကျစရိတ် ပိုမိုသက်သာသည့် အပြင် တောင်သူများ အပိုဝင်ငွေ ရရှိပြီး ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကိုပါ လျှော့ချနိုင်မည် ဖြစ်သည်။

၂၀၀၈ခုနှစ် အောက်တိုဘာ ၁၆ ရက်၌ ကျရောက်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day)မှ "စွမ်းအင်ဇီဝ ပြောင်းလဲရာသီ ရိက္ခာဖူလုံမှုကို စိန်ခေါ်ပြီ" (Food Security the Challenges of Climate Change and Bio Energy) ဆောင်ပုဒ်ကို ချမှတ်ခဲ့သည်။

သဘာဝ၏စိန်ခေါ်မှု

စားသုံး၍ရသော ဆီအုန်းမှ Bio Energy ထုတ်ပါက Food Security ကို ထိခိုက်စေသော်လည်း မစားရသော စွန့်ပစ်ပစ္စည်း စပါးခွံ(Rice Husk)ကို Bio Energy ထုတ်၍ စပါးတိုးတက်ထုတ်လုပ်ရေး ဆောင်ရွက်ပါက Energy Crisis ကို ဖြေရှင်းနိုင်သည့်အပြင် စားနပ်ရိက္ခာဖူလုံမှု(Food Security)ကိုပါ ဖြေရှင်းရာရောက်ပေသည်။ သို့ဖြစ်ရာ လျှပ်စစ်ရေတင်နှင့် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ တည်ဆောက်ခြင်း၊ ရေလျှံတွင်း တူးခြင်း အပါအဝင် မြေအောက်ရေများကို ထုတ်ယူခြင်းနှင့် စွန့်ပစ်ပစ္စည်းများကိုအသုံးပြု၍ ဇီဝလောင်စာ ထုတ်လုပ်ခြင်းတို့ဖြင့် သဘာဝ၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန် ကြိုးစားလာကြရသည်။

လှည်းကူးမြို့နယ်မှ ငွေနံ့သာ လျှပ်စစ်ရေတင် လုပ်ငန်းတွင် ရေငြိမ်ကန်အတွင်းသို့ ရေတင်ကာ မြောင်းမကြီးမှ တစ်ဆင့် စိုက်ပျိုးမြေများသို့ ဖြန့်ဝေရန် ဆောင်ရွက်ထားရှိမှုကို ဤသို့တွေ့ရသည်။



မင်္ဂလာဒုံမြို့နယ်မှ စမ်းကြီးဝ လျှပ်စစ်ရေတင်စီမံကိန်းတွင် ရေငြိမ်ကန်အတွင်းသို့ ရေတင်နေမှုကို ဤသို့တွေ့ရသည်။

သန်လျင်မြို့နယ်မှအလွမ်းဆွတ် လျှပ်စစ်ရေတင်လုပ်ငန်းတွင် သံပိုက်လုံးကြီးများဖြင့် မြောင်းမကြီးအတွင်းသို့ ရေတင်ကာ စိုက်ပျိုးမြေများသို့ ဖြန့်ဝေရန် ဤသို့ ဆောင်ရွက်လျက်ရှိသည်။

ရရှိခံစား

ထိုသို့ သဘာဝ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ကြိုးစားလုပ်ဆောင်ခြင်းဖြင့် တစ်ဆက် တစ်စပ်တည်း ရေမရရှိသေးသော ဒေသများ စိုက်ပျိုးရေနှင့် သောက်သုံးရေ ရရှိခြင်းနှင့်ခြောက်သွေ့သော ဒေသများ၌ စိမ်းလန်း စိုပြည်လာခြင်းဟူသော အကျိုးတရားများကိုပါ ရရှိခံစားကြရသည်။

ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနကတည်ဆောက်အကောင်အထည်ဖော်လျက် ရှိသော လျှပ်စစ်ရေတင်နှင့်လျှပ်စစ်မြစ်ရေတင် စီမံကိန်းများသည် ယခုအခါ အရှိန်အဟုန် ရရှိနေပြီး တည်ဆောက်ဆဲစီမံကိန်းများပြီးစီးသွားပါကသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်အားစု (Working Group on Environment-WGE)ကို အထောက်အကူပြုသော ရန်ကုန်မြို့ မိုင်(၃၀)ပတ်လည် စိမ်းလန်း စိုပြည်ရေး စီမံချက်နှင့် စိုက်ပျိုးထုတ်လုပ်သူအင်အားစု (Working Group on Agriculture-WGA) ကို အထောက်အကူပြုသော စိုက်ပျိုးထုတ်လုပ်သူများ၏ နွေစပါးစိုက်ဧကများကို ရေဖူလုံစွာ ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၃၀

ပုသိမ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ပုသိမ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃-စီ၌ မတ်၁ရက် (တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၈၀-၂၃၃၀၇နှင့် ၆၆၁၆၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ

အထက(၃) ကြည့်မြင်တိုင်၌ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများအား ကေဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဈေးနှုန်းညှိနှိုင်းမှု တစ်ပတ်တစ်ကြိမ်ပြုလုပ်ပေးနေ

ကမ္ဘာ့ကုန်ပစ္စည်း ဈေးနှုန်းများကျဆင်းနေပြီး ဈေးနှုန်းအပြောင်းအလဲမြန်သော ယနေ့အချိန်တွင် မြန်မာ့ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ လုပ်ငန်းအဆင်ပြေစေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ယခင်ကဈေးနှုန်း ညှိနှိုင်းပေးမှုကို နှစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပေးရာမှ ယခုအခါ တစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒီပလိုမာ အိုင်တီ သင်တန်းများဖွင့်မည်

အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်နှင့် Wisdon Power ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ဒီပလိုမာ IT သင်တန်းများကို ဖေဖော်ဝါရီ၂၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အမျိုးသားလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနရာစုသစ် အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဗိုလ်တထောင်ဘုရားလမ်း (ကုန်သည်လမ်းနှင့်ကမ်းနားလမ်းကြား) ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၉၁၉၂၅နှင့် ၃၈၁၀၃၅တို့သို့ ဆက်သွယ်နိုင်သည်။

ပန်းချီဆရာ ဝင်းမြင့်မိုး၏ ပန်းချီပြပွဲ

ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၌ ဖေဖော်ဝါရီ၃ရက်မှ ၇ရက်အထိ ပန်းချီဆရာ ဝင်းမြင့်မိုး၏ Art Show 2009 အမည်ရှိ ပန်းချီပြပွဲကို နံနက်၉နာရီမှ ညနေ၅နာရီအထိပြသမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

မိုးလေဝသသတင်းများ ဆက်သွယ်မေးမြန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအနေဖြင့် ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေကို တိကျလျင်မြန်စွာ သိရှိနိုင်စေရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အလိုအလျောက် ဖြေကြားသည့်စနစ်ဖြင့် ပြန်လည်ဖြေကြားပေးနေပြီး ထိုကဲ့သို့ ဖြေကြားပေးရာတွင် အပိုင်းလေးပိုင်းခွဲ၍ နံနက်ပိုင်း ၇နာရီခန့်မှန်းချက်၊ မွန်းတည့် ၁၂နာရီခန့်မှန်းချက်၊ ညနေ ၄နာရီခန့်မှန်းချက်နှင့် ည၇နာရီခန့်မှန်းချက်ဟူ၍ ခွဲခြားဖြေကြားမည်ဖြစ်ပြီး ဖုန်း-၆၆၇၇၆၆သို့ ဆက်သွယ်ပါက လက်ရှိဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေကို သိရှိနိုင်မည်ဟု သိရသည်။

ပြည်တွင်းလျှပ်စစ်ကား ပထမဆုံးဈေးကွက်တင်မည်

ILBC မှ တီထွင်ထုတ်လုပ်သော မြန်မာနိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းထုတ် လျှပ်စစ်ကားကို မကြာမီဈေးကွက်အတွင်း ရောက်ရှိရန်စီစဉ်နေပြီး Model လေးမျိုးထုတ်လုပ်မည်ဖြစ်ကာ Model အလိုက် စွမ်းရည်ကွာခြားမည်ဟု ဇန်နဝါရီ၁၇ရက်က ပြုလုပ်သော ILBC သိပ္ပံပြပွဲ၌ အဆိုပါလျှပ်စစ်ကားနှင့်ပတ်သက်၍ ILBC မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကြက်ခြေနီဓာတ်ဆားထုပ် ရောင်းချပေးနေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်ထားသော ဓာတ်ဆားများကို ပြည်တွင်း၌ သုံးစွဲနိုင်ရန်နှင့် အသင်းရန်ပုံငွေရရှိရန် ကြက်ခြေနီဓာတ်ဆားမှုန့်အထုပ်များ ထုတ်လုပ်ရောင်းချမည်ဖြစ်ပြီး ဝယ်ယူလိုသူများ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဓာတ်ဆားထုတ်လုပ်ရေးဌာန ၄၂လမ်း ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဆူနာမီဖြစ်နိုင်ခြေမြေပုံ ပညာရှင်များရေးဆွဲရန်စီစဉ်

မြန်မာနိုင်ငံမှ အင်ဂျင်နီယာများ၊ ဘူမိအင်ဂျင်နီယာများ၊ မိုး/ဇလ ပညာရှင်များ၊ မြေလျှင်ကော်မတီဝင်များပူးပေါင်း၍ ဆူနာမီရေလှိုင်းကျရောက်မှုနှင့်ပတ်သက်ပြီး ဖြစ်နိုင်ဖွယ်ရှိသောမြေပုံကိုပညာရှင်များရေးဆွဲရန် စီစဉ်လျက်ရှိကြောင်းသိရပြီး အဆိုပါမြေပုံမျိုးကို ကမ္ဘာ့နိုင်ငံအများစု၌လည်း ရေးဆွဲလျက်ရှိကြောင်း သိရသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

(၆၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့်အာဂုံပြန်အောင်မြင်သူများစာရင်း

နေပြည်တော် ဇန်နဝါရီ ၃၀

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၁၃၇၀ပြည့်နှစ် နတ်တော်လပြည့်ကျော် ၂ရက်မှ ပြာသိုလပြည့်ကျော် ၃ရက် (၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၄ရက်မှ ၂၀၀၉ခုနှစ်ဇန်နဝါရီ ၁၃ရက်)အထိ ကျင်းပခဲ့သော (၆၁)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်အောင်မြင်ကြသူများစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

(၆၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့်အာဂုံပြန်အောင်စာရင်း

ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်းသဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ်(၁၇၁) အရှင်စက္ကိန္ဒ(မြိုင်)၊သက်တော်(၃၀)၊ သိက္ခာ(၁၁)ဝါ
တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း၊ သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၄)ပါး

၁။ ပလ္လင်အမှတ်(၁၇၅) အရှင်ခေမာဝံသ၊ သက်တော်(၄၃)နှစ်၊ သိက္ခာ(၂၃)ဝါ
မိုင်းသောက်တောရစာသင်တိုက်၊ အင်းလေးဒေသ၊
ညောင်ရွှေမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)

၂။ ပလ္လင်အမှတ်(၁၇၆) အရှင်ဝိလာသ၊ သက်တော်(၄၄)နှစ်၊ သိက္ခာ(၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၃။ ပလ္လင်အမှတ်(၁၈၂) အရှင်ဂမ္ဘီရဉာဏ၊ သက်တော်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၄။ ပလ္လင်အမှတ်(၁၈၄) အရှင်ဩဘာသလင်္ကာရ၊ သက်တော်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ်(၂၁၂) အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ သက်တော်(၃၀)၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်း။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင် ဉဘတောဝိဘင်္ဂကောဝိဒ (၇)ပါး

၁။ ပလ္လင်အမှတ်(၂၂၈) အရှင်ဝိလာသဂ္ဂ၊ သက်တော်(၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၂။ ပလ္လင်အမှတ်(၂၄၂) အရှင်ခေမိန္ဒ၊ သက်တော်(၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၃။ ပလ္လင်အမှတ်(၂၅၂) အရှင်တေဇောဘာသ၊ သက်တော်(၃၀)၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၄။ ပလ္လင်အမှတ်(၂၅၇) အရှင်ဇဝနာလင်္ကာရ၊ သက်တော်(၃၀)၊သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း (အထူးအောင်)

၅။ ပလ္လင်အမှတ်(၂၆၂) အရှင်ဩဘာသာလင်္ကာရ၊ သက်တော်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၆။ ပလ္လင်အမှတ်(၂၆၉) အရှင်ကုန္ဒကာလင်္ကာရ၊ သက်တော်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၇။ ပလ္လင်အမှတ်(၂၈၅) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ၊
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အာဂုံပြန်အောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း အာဂုံအောင် တိပိဋကဓရ (၁)ပါး

၁။ ပလ္လင်အမှတ်(၁) အရှင်ဝီရိယာနန္ဒ၊ သက်တော်(၃၉)နှစ်၊ သိက္ခာ (၂၀)ဝါ
တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိက (၁) ပါး

၁။ ပလ္လင်အမှတ်(၃) အရှင်ဝိစိတ္တာလင်္ကာရ၊ သက်တော်(၃၀)၊ သိက္ခာ(၁၀)ဝါ
တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း၊ (အထူးအောင်)

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင် ဒီဃဘာဏက (၁) ပါး

၁။ ပလ္လင်အမှတ်(၄) အရှင်ပညာဝံသာလင်္ကာရ၊ သက်တော်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်း။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရ (၂၅) ပါး

၁။ ပလ္လင်အမှတ်(၈) အရှင်ဝိမလ၊ သက်တော်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၂။ ပလ္လင်အမှတ်(၉) အရှင်စန္ဒနာလင်္ကာရ၊ သက်တော်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၃။ ပလ္လင်အမှတ်(၁၁) အရှင်ဥတ္တမ၊ သက်တော်(၃၁) နှစ်၊ သိက္ခာ(၁၁) ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း

၄။ ပလ္လင်အမှတ်(၁၂) အရှင်အတုလ၊ သက်တော်(၂၉)နှစ်၊ သိက္ခာ (၉)ဝါ
သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

၅။ ပလ္လင်အမှတ်(၁၄) အရှင်ဝေဒိတ၊ သက်တော်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်း

၆။ ပလ္လင်အမှတ်(၁၅) အရှင်ဝါသဝါလင်္ကာရ၊ သက်တော်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၇။ ပလ္လင်အမှတ်(၁၆) အရှင်ပညိသရ၊ သက်တော်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၈။ ပလ္လင်အမှတ်(၁၈) အရှင်ပညာသိရီလင်္ကာရ၊ သက်တော် (၂၉)နှစ်၊ သိက္ခာ(၇)ဝါ
မိုးကုတ်ရိပ်သာကျောင်း၊မဟာမင်းထင်တိုက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်း

၉။ ပလ္လင်အမှတ်(၁၉) အရှင်သိရိန္ဒ၊ သက်တော်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ် ရန်ကုန်တိုင်း

၁၀။ ပလ္လင်အမှတ်(၂၂) အရှင်ကောသလ္လ(ခင်ဦး)၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၁၁။ ပလ္လင်အမှတ်(၂၄) အရှင်ဝိနယ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်း

၁၂။ ပလ္လင်အမှတ်(၂၅) အရှင်ဝိသုတ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ
ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း

၁၃။ ပလ္လင်အမှတ်(၂၈) အရှင်ဇောတိပါလ သက်တော်(၂၃)နှစ်၊ သိက္ခာ (၄)ဝါ
နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၁၄။ ပလ္လင်အမှတ်(၃၁) အရှင်ဩသဓ၊ သက်တော်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၅။ ပလ္လင်အမှတ်(၃၂) အရှင်သောမနန္ဒ၊ သက်တော်(၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၁၆။ ပလ္လင်အမှတ်(၃၄) အရှင်ဘဒ္ဒိယာလင်္ကာရ၊ သက်တော်(၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၁၇။ ပလ္လင်အမှတ်(၃၅) အရှင်ဝဇီရပါဏိဘိဝံသ သက်တော်(၃၀)၊ သိက္ခာ (၁၀)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၈။ ပလ္လင်အမှတ်(၃၇) အရှင်ဥေယျမ္မ၊ သက်တော်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ် ရန်ကုန်တိုင်း

၁၉။ ပလ္လင်အမှတ်(၃၈) အရှင်အဂ္ဂဝံသ၊ သက်တော်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ၊ မင်းကွန်း
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၂၀။ ပလ္လင်အမှတ်(၃၉) အရှင်ကာရုညသိရီ(တပ်ကုန်း) သက်တော်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၁။ ပလ္လင်အမှတ်(၄၀) အရှင်ဝိသုဒ္ဓါလင်္ကာရ သက်တော်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၂။ ပလ္လင်အမှတ်(၄၄) အရှင်ပညာစက္က၊ သက်တော်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ
ပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၂၃။ ပလ္လင်အမှတ်(၄၅) အရှင်အစ္ဆရိယ၊ သက်တော် (၂၅) နှစ်၊ သိက္ခာ(၅)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်း

၂၄။ ပလ္လင်အမှတ်(၄၇) အရှင်တေဇိန္ဒ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၅။ ပလ္လင်အမှတ်(၄၉) အရှင်ဇဋိလ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း အာဂုံအောင် ဉဘတောဝိဘင်္ဂဓရ (၄၉) ပါး

၁။ ပလ္လင်အမှတ်(၅၆) အရှင်ဝိစိတ္တ(ရေစကြို)၊ သက်တော်(၂၉) နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၂။ ပလ္လင်အမှတ်(၅၇) အရှင်သောပါက၊ သက်တော်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၃။ ပလ္လင်အမှတ်(၆၁) အရှင်ကေလာသ၊ သက်တော်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၄။ ပလ္လင်အမှတ်(၆၂) အရှင်ပညိန္ဒ(ခင်ဦး)၊ သက်တော်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၅။ ပလ္လင်အမှတ်(၆၃) အရှင်ကလျာဏ၊ သက်တော်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၆။ ပလ္လင်အမှတ်(၆၆) အရှင်ဉာဏသာမိ၊ သက်တော်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၇။ ပလ္လင်အမှတ်(၆၈) အရှင်ရေဝတ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၈။ ပလ္လင်အမှတ်(၆၉) အရှင်စန္ဒောဘာသ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၉။ ပလ္လင်အမှတ်(၇၂) အရှင်သောမာစာရ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ
မဟာသုခါရာမစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၀။ ပလ္လင်အမှတ်(၇၃) အရှင်ပညာဗလ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၁၁။ ပလ္လင်အမှတ်(၇၄) အရှင်အစ္ဆရိယ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၂။ ပလ္လင်အမှတ်(၇၆) အရှင်တေဇဝံသ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ
ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ ယင်းမာပင်မြို့နယ်၊
စစ်ကိုင်းတိုင်း

၁၃။ ပလ္လင်အမှတ်(၇၇) အရှင်ပညာစာရာလင်္ကာရ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ (၄)ဝါ
ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ ယင်းမာပင်မြို့နယ်၊
စစ်ကိုင်းတိုင်း

၁၄။ ပလ္လင်အမှတ်(၇၈) အရှင်တိက္ခသာရာလင်္ကာရ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၅။ ပလ္လင်အမှတ်(၇၉) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ သက်တော်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ
သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၆။ ပလ္လင်အမှတ်(၈၁) အရှင်ပညာသိရီ၊ သက်တော်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ
ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

၁၇။ ပလ္လင်အမှတ်(၈၂) အရှင်ဝဏ္ဏိတ၊ သက်တော်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ
မြန်အောင်ကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၈။ ပလ္လင်အမှတ်(၈၃) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ သက်တော်(၂၂)နှစ်၊ သိက္ခာ(၁)ဝါ
ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၉။ ပလ္လင်အမှတ်(၈၄) အရှင်သီဟဗလ၊ သက်တော်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ
မဟာသုခါရာမစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၀။ ပလ္လင်အမှတ်(၈၅) အရှင်ကဝိန္ဒ၊ သက်တော်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊မိုးမိတ်ကုန်းမြေ၊မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်း။

၂၁။ ပလ္လင်အမှတ်(၈၆) ရှင်ဉာဏိသရ၊ သက်တော်(၁၉)နှစ်
မြင်ချင်ရွာအနောက်ကျောင်း၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၂။ ပလ္လင်အမှတ်(၈၈) အရှင်ဆန္ဒာဓိကာဘိဝံသ၊ သက်တော်(၄၀)၊ သိက္ခာ(၂၀)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၃။ ပလ္လင်အမှတ်(၈၉) အရှင်စန္ဒာသိရီ၊ သက်တော်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၄။ ပလ္လင်အမှတ်(၉၀) အရှင်လက္ခဏသိရီ၊ သက်တော်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ပလ္လင်အမှတ်(၉၁) အရှင်ခေမိကာလင်္ကာရ၊ သက်တော်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ
ဥယျာဉ်ပရိယတ္တိစာသင်တိုက်၊ ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်း။

၂၆။ ပလ္လင်အမှတ်(၉၂) အရှင်ကောဝိဒ၊ သက်တော်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ
ရတနာပုံကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်း။

၂၇။ ပလ္လင်အမှတ်(၉၉) အရှင်ကုသလရိယ၊ သက်တော်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ
သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးတိုင်း

၂၈။ ပလ္လင်အမှတ်(၁၀၁) အရှင်ဝိစိတ္တ(အရာတော်)၊ သက်တော်(၂၆) နှစ်၊သိက္ခာ(၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၂၉။ ပလ္လင်အမှတ်(၁၀၆) အရှင်အာစာရာလင်္ကာရ၊သက်တော်(၂၅) နှစ်၊သိက္ခာ(၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း (အထူးအောင်)

၃၀။ ပလ္လင်အမှတ်(၁၀၇) အရှင်နရိန္ဒ၊ သက်တော် (၂၅)နှစ်၊ သိက္ခာ(၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း၊(အထူးအောင်)

၃၁။ ပလ္လင်အမှတ်(၁၀၉) အရှင်ဝိဇယာလင်္ကာရ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၂။ ပလ္လင်အမှတ်(၁၁၁) အရှင်ဥတ္တရာလင်္ကာရ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

၃၃။ ပလ္လင်အမှတ်(၁၁၂) အရှင်နန္ဒိမာလင်္ကာရ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း၊

၃၄။ ပလ္လင်အမှတ်(၁၁၃) အရှင်ဉာဏိသရာလင်္ကာရ၊ သက်တော် (၂၄)နှစ်၊ သိက္ခာ (၄)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

၃၅။ ပလ္လင်အမှတ်(၁၁၅) အရှင်ပညာသိရီလင်္ကာရ၊ သက်တော် (၂၄)နှစ်၊ သိက္ခာ(၄)ဝါ
နေမင်းကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊မန္တလေးတိုင်း၊

၃၆။ ပလ္လင်အမှတ်(၁၁၆) အရှင်ဝိသုဒ္ဓ၊ သက်တော်(၂၄)နှစ်၊သိက္ခာ(၄)ဝါ
သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ချမ်းအေးသာစံမြို့နယ်၊
မန္တလေးတိုင်း(အထူးအောင်)

၃၇။ ပလ္လင်အမှတ်(၁၁၇) အရှင်ဝိမလ၊ သက်တော် (၂၃)နှစ်၊ သိက္ခာ (၃)ဝါ
နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၃၈။ ပလ္လင်အမှတ်(၁၁၈) အရှင်ပညာစက္ကာလင်္ကာရ၊ သက်တော် (၂၃)နှစ်၊ သိက္ခာ (၃)ဝါ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၉။ ပလ္လင်အမှတ်(၁၁၉) အရှင်ဓမ္မပါလ၊ သက်တော်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ
ထီးဟန်ဆွေးအရိယာမဂ္ဂင်ဝိပဿနာရိပ်သာ၊ တောင်ကြီးမြို့၊
ရှမ်းပြည်နယ်

၄၀။ ပလ္လင်အမှတ်(၁၂၁) အရှင်ပညာစာရ၊ သက်တော် (၂၂)နှစ်၊ သိက္ခာ(၂)ဝါ
ဗြဟ္မာမင်းကျောင်း၊ အနောက်ခင်မကန်တိုက်၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးတိုင်း (အထူးအောင်)

၄၁။ ပလ္လင်အမှတ်(၁၂၂) အရှင်ကေလာသ၊ သက်တော်(၂၂)နှစ်၊ သိက္ခာ (၂)ဝါ
ရွှေရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးတိုင်း

၄၂။ ပလ္လင်အမှတ်(၁၃၀) အရှင်သုဝဏ္ဏ၊ သက်တော် (၃၀)၊ သိက္ခာ(၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း (အထူးအောင်)

၄၃။ ပလ္လင်အမှတ်(၁၃၉) အရှင်ဇာနေယျာလင်္ကာရ၊ သက်တော်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်း

၄၄။ ပလ္လင်အမှတ်(၁၄၀) အရှင်ဝိစာရ၊ သက်တော်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ
ကျိုက်ဇမ္ဗျား၊ ပရိယတ္တိစာသင်တိုက်၊ ဘုရားကလေးရွာ၊ ပဲခူးမြို့နယ်၊
ပဲခူးတိုင်း

၄၅။ ပလ္လင်အမှတ်(၁၄၅) အရှင်အာစိဏ္ဏ၊ သက်တော် (၂၄)နှစ်၊ သိက္ခာ(၅)ဝါ
ဖြူးကုန်းတောရကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

၄၆။ ပလ္လင်အမှတ်(၁၄၆) အရှင်သူရိယ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ
ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်း

၄၇။ ပလ္လင်အမှတ်(၁၄၉) အရှင်အာလောကာလင်္ကာရ၊ သက်တော်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
(အထူးအောင်)

၄၈။ ပလ္လင်အမှတ်(၁၅၀) အရှင်နန္ဒိသာရာလင်္ကာရ၊ သက်တော်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၄၉။ ပလ္လင်အမှတ်(၁၅၄) အရှင်ခေမိန္ဒ၊ သက်တော်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ
မဟာဝိသုတာရာမဇာတ်ငါးရာတိုက်သစ်၊ ပြည်မြို့နယ်၊
ပဲခူးတိုင်း။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် ဖြူးကုန်းကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၀ရက်က ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွန့်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ်၌ စာကြည့်တိုက်များဖွင့်

စလင်း ဇန်နဝါရီ ၁၅

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စလင်းမြို့နယ် ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးခိုင်မာရေးဦးစီးကော်မတီ၏ ကြီးကြပ်မှုအထောက်အကူပြုကော်မတီများ၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးအဖွဲ့၏ စည်းရုံးဆောင်ရွက်မှုဖြင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားများနှင့် လှူဒါန်းပွဲများ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၆ရက်က ဆုံကုန်းရွာမင်းသုခစာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမောင်ထူးနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးစိုးတင့်ကလည်းကောင်း၊ ပုရပိုက်တန်းရွာ လင်းရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ရုံးနယ်မြေတာဝန်ခံ ဦးဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ဝင်းတို့က တစ်ပြိုင်တည်း ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် စာအုပ်အလှူရှင်ခြောက်ဦးက ငွေကျပ် ၁၂၅၀၀တန်ဖိုးရှိ စာအုပ်ပေါင်း ၅၀ကိုလည်းကောင်း၊ အလှူရှင် ခြောက်ဦးက အလှူငွေကျပ် ၅၅၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဆင်ပေါင်ဝဲ၌ ဆောင်ရွက်

ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၆

ဆင်ပေါင်ဝဲမြို့ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၁၂ရက်က သရက်ခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ဆန်းဝင်းနှင့်အဖွဲ့ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေက ရှင်းလင်းပြီး မီးသတ်တပ်ဖွဲ့က မီးသတ်ဆေးဘူးများ လဲလှယ်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဟသ်ာတ အမှတ်(၂)ရဲတပ်ဖွဲ့ဝင်မိသားစုသို့ ဆန်လှူဒါန်း

ဟသ်ာတ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်း ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာနေ ရေလုပ်ငန်းရှင် ဦးစံဝင်း-ဒေါ်သန်းသန်း မိသားစုက အမှတ်(၂) ရဲစခန်းရှိ တပ်ဖွဲ့ဝင် မိသားစုများအတွက် ဆန် ၄၂တင်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီက အမှတ်(၂) ရဲစခန်း စုဝေးကွင်းပြင်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အလှူရှင် ဦးစံဝင်းက လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ငွေကျပ် ၂၁၀၀၀၀တန်ဖိုးရှိ ဆန်၄၂တင်းကို ပေးအပ်လှူဒါန်းရာ အမှတ်(၂)ရဲစခန်းမှူး ရဲအုပ်ခင်မောင်အေးက လက်ခံယူသည်။ **(အောက်ပုံ)**

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သန်းက အလှူရှင် ဦးစံဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ပြီး စခန်းမှူး ရဲအုပ်ခင်မောင်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်မှုကို ဒီဇင်ဘာ ၈ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထန်းတပင်၌ လောကအလှစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ထန်းတပင် ဇန်နဝါရီ ၂၀

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် လေးသစ်ကျေးရွာအုပ်စု ချောင်းခြား(မင်းရွာ)ကျေးရွာ လောကအလှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်နှင့် လေးသစ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က စံ(၅)ရပ်နှင့် ညီညွတ်သည့် စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ကြရန်နှင့် ဦးစီးမှူး ဦးတင်မောင်ဝင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ပြောကြားကြပြီး အလှူရှင် ၁၀ဦးတို့က အလှူငွေကျပ် ၂၁၀၀၀နှင့် ငွေကျပ် ၉၄၅၀၀၀တန်ဖိုးရှိ စာအုပ်စာစောင် ၃၉၅အုပ်တို့ကို လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အဝေးသင်တက္ကသိုလ်(ရန်ကုန်)ဥပဒေကျောင်းသားများ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အဝေးသင်တက္ကသိုလ် (ရန်ကုန်)၏ ၁၉၉၃ခုနှစ်မှ ၂၀၀၂ခုနှစ်များတွင် ဥပဒေပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ရရှိသော ကျောင်းသားကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အလှူငွေများကို ဦးနိုင်ဝင်း(ထုတ်ဝေရေးဌာန) အဝေးသင်တက္ကသိုလ် ဖုန်း-၀၁-၅၃၇၄၁၁၊ လိုင်းခွဲ-၃၉၊ ဦးအောင်မျိုး ဖုန်း-၀၉-၈၀-၃၄၄၂၅၊ ဦးကျော်ဇာနည်ဦး ဖုန်း-၀၉-၅၁-၆၇၃၄၂ မြန်မာ့စီးပွားရေးဘဏ်ခွဲ (အင်းစိန်)၊ ဦးအေးမောင် ဖုန်း-၀၉-၈၀-၃၂၃၃၄၊ ဦးဇော်ဝင်းနိုင် ဖုန်း-၀၉-၂၀-၁၆၉၉၈၊ ဦးဥက္ကာမောင် ဖုန်း-၀၂-၆၀၀၃၇၊ ဦးအောင်မိုး ဖုန်း-၀၉-၅၀-၃၄၅၇၉၊ ဦးစိုးခွန်ဖြူ ဖုန်း-၀၁-၇၀၃၂၇၈၊ ဦးထွန်းအောင် ဖုန်း-၀၁-၅၅၁၇၀၈၊ ဦးထွန်းလင်း ဖုန်း-၀၁-၅၆၅၄၅၄၊ ဦးမိုးညီထွတ် ဖုန်း-၀၁-၅၉၀၁၀၅၊ ဒေါ်ဘီဘီသိန်း ဖုန်း-၀၉-၉၉-၂၁၁၃၃၊ ဒေါ်နီလာအေး ဖုန်း-၀၉-၉၉-၂၇၂၃၇၊ ဒေါ်မေရည်စိုးဦး ဖုန်း-၀၉-၅၀-၅၇၇၁၄နှင့် ဒေါ်လေးလေးဝါး ဖုန်း-၀၉-၅၀-၆၆၃၇၅ တို့သို့ ဆက်သွယ်ပြီး ထည့်ဝင်လှူဒါန်းနိုင်ကြောင်းနှင့် ပူဇော်ပွဲကျင်းပမည့် နေ့ရက်၊အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးမိဈေးဖများ၊ လူမှုရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အရန်မီးသတ်သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်ကကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက သင်တန်းဆင်းပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်။ (မြို့နယ်စည်ပင်)

ကညွတ်ကွင်း၌ အားကစားပြိုင်ပွဲ ဆုရသူများအား ဆုပေးအပ်ချီးမြှင့်

ကညွတ်ကွင်း ဇန်နဝါရီ ၁၇

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ (၆၁)ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကို မြို့မိမြို့ဖများ၏ ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၄ရက် နံနက် ၆နာရီက ကျင်းပသည်။

ဆုချီးမြှင့်

ယင်းပြိုင်ပွဲတွင် မြို့မိမြို့ဖ ဦးအောင်မြင့်က မာရသွန်အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယ ရရှိသူများအား ဆုငွေကျပ် ၅၀၀၀၀ နှင့် ငွေကျပ်၃၀၀၀၀ကိုဆုချီးမြှင့်၍ တတိယနှင့်စတုတ္ထရရှိသူတို့ကို ဆန်စက်လုပ်ငန်းရှင် ဦးတင်လွင့်နှင့်ဦးသန်းစိုးတို့ကလည်းကောင်း၊ အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် ပထမနှင့်ဒုတိယဆုရရှိသူများကို စခန်းမှူး ရဲအုပ်စံလှနှင့် စည်ပင်ဈေးတာဝန်ခံ ဦးထိန်လင်းကလည်းကောင်း၊ တတိယနှင့် ဖွဲ့ဆုသုံးဆုကို ဦးကျော်စိုးမိုးနှင့် ဦးကံစိန်တို့ကလည်းကောင်း၊ ခေါင်းအုံးရိုက်ပြိုင်ပွဲတွင် ပထမဆုကို ကွင်းရှေ့မှ ဦးသန်းရွှေကလည်းကောင်း၊ ချောတိုင်တက်ပြိုင်ပွဲတွင် ပထမအလံနှင့် ဒုတိယအလံရရှိသူများကို ကွင်းနောက်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင် ဦးဝင်းနိုင်တို့က ဆုငွေကျပ် ၃၀၀၀၀ စီတို့အား ဆုချီးမြှင့်ကြသည်။ (ယာပုံ) (၀၄၆)

လှိုင်လင် မြို့မဈေး၌ လျှပ်စစ်မီးသုံးစွဲမှု ကြည့်ရှုစစ်ဆေး

လှိုင်လင် ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့သည် ဇန်နဝါရီ ၁၁ရက် နံနက်၉နာရီက မြို့မဈေးကြီးအပြင်ဘက်တန်းရှိ ဈေးဆိုင်ခန်းများ လျှပ်စစ်မီးတပ်ဆင်သုံးစွဲမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါအဖွဲ့မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးအရာရှိ ဦးကျော်ငွေ၊ မြို့နယ်လျှပ်စစ်ဦးစီးဌာနမှူးဦးသန့်ဇင်၊ မီးသတ်ဦးစီးမှူး ဦးနေဝင်းတိုးနှင့် အဖွဲ့ဝင်များသည် မြို့မဈေးကြီး အပြင်တန်းရှိ လျှပ်စစ်မီးသုံးစွဲသော ဆိုင်ပိုင်ရှင်များအား မလိုလားအပ်သော မီးလောင်မှုများမဖြစ်ပွားစေရေးအတွက် ဆိုင်တွင်းရှိ လျှပ်စစ်မီးကြိုးများအနက် ဟောင်းနွမ်းပေါက်ပြဲ၍ တိပ်ဖြင့်ကပ်ထားသော ကြိုးများ လဲလှယ်သွယ်တန်းတပ်ဆင် အသုံးပြုခြင်းနှင့် လက်ဖက်ရည်ဆိုင်များအား မီးဖိုဖြင့် မီးအသုံးပြုခြင်းဆိုင်ရာများကို ပညာပေးဆွေးနွေးခဲ့ကြသည်။ (၀၁၇)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းငွေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ်	၁၆၂၀၀၀၀ ကျပ် နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ်	၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ်	၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ်	၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ်	၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ပန်းအလှပင်၊ အရိပ်ရပင် ခန္တီး၌ ပျိုးထောင်

ခန္တီး ဇန်နဝါရီ ၃၀

ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မဥ္ဇူပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်တွင် ပန်းအလှပင်၊ အရိပ်ရပင်နှင့် ပျိုးပင်များ ပျိုးထောင်ခြင်းကို ဇန်နဝါရီ ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆန်းမိုး ဦးစီးသောအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးအောင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇအသင်းတို့ အနိုင်ရရန်ရုန်းကန်ခဲ့ရသည်

မြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း

ရန်ကုန် ဇန်နဝါရီ ၃၀

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနဲ့ ကမ္ဘောဇအသင်းတို့ အနိုင်ရရှိသွားပါတယ်။

ဘဏ္ဍာ/အခွန် တိုက်စစ်မှူး စိုးမြတ်မင်း မြန်မာ့မီးရထား နောက်ခံလူများကြားမှ ဤသို့ထိုးဖောက်တိုက်စစ်ဆင်ခဲ့သည်။ (မြန်မာ့အလင်း)

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - နှစ်ဂိုး
မြန်မာ့မီးရထား - ဂိုးမရှိ

တန်းဆင်းဇုန်ထဲရောက်နေတဲ့ မြန်မာ့မီးရထားအသင်းရဲ့ ရုန်းကန်မှုကြောင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းဟာ အနိုင်ရဖို့ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။ ပွဲစဉ်တစ်လျှောက် ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပေမယ့် မြန်မာ့မီးရထားအသင်းရဲ့ ဆင့်ကဲဆင့်ကဲဖျက်ထုတ်မှုတွေကြောင့် ဘဏ္ဍာ/အခွန်အသင်းဟာ အနိုင်ရခဲ့ပေမယ့် ဂိုးတော့မပြတ်ခဲ့ပါဘူး၊ ပထမပိုင်းကစားပုံ သိပ်မကောင်းတာကြောင့်လည်း ဘဏ္ဍာ/အခွန်အသင်းဂိုးရဖို့ခက်ခဲခဲ့တာဖြစ်ပြီး မိနစ် ၅၀ ကျော်မှ ပယ်နယ်တီကတစ်ဆင့် ဂိုးစရခဲ့တာ ဖြစ်ပါတယ်။

ဘဏ္ဍာ/အခွန်အသင်းဟာ အရင်ပွဲထွက်တဲ့လူစာရင်းနဲ့ပဲ အမာခံပွဲထွက်ခဲ့ပေမယ့် တိုက်စစ်မှူး စိုးမြတ်မင်းနဲ့ နောက်ခံလူ မိုးကျော်သူတို့ကို အနားပေးထားပြီး ကျော်သူရနဲ့ မင်းမင်းအောင်တို့ကို ပွဲထုတ်ခဲ့ပါတယ်။ မြန်မာ့မီးရထားအသင်းကတော့ ပွဲစကတည်းက ပေးဂိုးနည်းဖို့၊ ခံစစ်ကစားဖို့ ရည်ရွယ်လာပုံရပြီးနောက်မှာ စုပြုံပိတ်ဆို့ကစားခဲ့ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ ဖိကစားနိုင်ပေမယ့် တိုက်စစ်ရောက်ရင် အမှားများတာကြောင့် မြန်မာ့မီးရထားဂိုးပေါက်ကို မခြိမ်းခြောက်နိုင်ခဲ့ပါဘူး။ ခံစစ်အသားပေးကစားခဲ့တဲ့ မြန်မာ့မီးရထားအသင်းကို အမြင့်ဘောတွေနဲ့ ထိုးဖောက်ရမယ့်အစား အလိမ်၊ အခေါက်တွေများနေတဲ့အပြင် တောင်ပံတွေကလည်း ဘောလုံးမထွက်တာကြောင့် ဂိုးရဖို့ခက်ခဲပါတယ်။ ဂိုးရနိုင်တဲ့ အခွင့်အရေးတွေကိုလည်း ကျော်သူရ၊ လွင်ဦးနဲ့ ပိုင်စိုးတို့ အသုံးမချနိုင်ခဲ့တာကြောင့် ပထမပိုင်းမှာ ဂိုးမရှိသရေနဲ့ ပြီးဆုံးခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ ကျော်သူရအစား စိုးမြတ်မင်းဝင်ကစားလို့ ဘဏ္ဍာ/အခွန်အသင်း တိုက်စစ်ပိုအားကောင်းလာပါတယ်။ ဒါပေမယ့် မီးရထားနောက်တန်းရဲ့ မလွတ်တမ်းဖျက်ထုတ်မှုကြောင့် ဂိုးရဖို့ခက်ခဲနေဆဲဖြစ်ပြီး ၅၄မိနစ်မှာ ပယ်နယ်တီ ရသွားတာကတော့ ဘဏ္ဍာ/အခွန်အသင်းကို ကံကောင်းသွားစေခဲ့ပါတယ်။ ဘဏ္ဍာ/အခွန် တိုက်စစ်မှူး စိုးမြတ်မင်း ဂိုးရဖို့ ကြိုးစားရင်းမှ မီးရထားနောက်ခံလူ သန်းထွန်းအောင်က ဂိုးရေိယာအတွင်း ဆွဲလှဲမိလို့ ပယ်နယ်တီရခဲ့တာဖြစ်ပါတယ်။ အဲဒီပယ်နယ်တီကို ခင်မောင်ထွန်းက ကန်သွင်းယူခဲ့လို့ ဘဏ္ဍာ/အခွန် ဂိုးစရသွားပါတယ်။ ဂိုးပေးရပြီး နောက်ပိုင်းမှာ မီးရထားအသင်း တိုက်စစ်အား ပြန်တင်လာပေမယ့် ချေပဂိုးတော့မရခဲ့ပါဘူး။ ဘဏ္ဍာ/အခွန်အတွက် အနိုင်သေချာစေမယ့် ဒုတိယဂိုးအား ၇၆ မိနစ်မှာ စိုးမြတ်မင်းပေးတာကို လွင်ဦးက ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ မြင့်နိုင်၊ ရန်ပိုင်နဲ့ ထွန်းထွန်းဝင်းတို့ အသုံးမချနိုင်ခဲ့လို့ ပွဲအပြီးမှာ နှစ်ဂိုးနဲ့ပဲ အနိုင်ရရှိခဲ့ပါတယ်။

သုဝဏ္ဏကွင်း

ကမ္ဘောဇ - တစ်ဂိုး
ဆက်သွယ်ရေး - ဂိုးမရှိ

ကမ္ဘောဇအသင်းကတော့ ဒုတိယပိုင်းရရှိတဲ့ ကျော်သီဟရဲ့ ပယ်နယ်တီဂိုးနဲ့ပဲ အနိုင်ရရှိခဲ့ပါတယ်။ အမှတ်ပေးဇယား အောက်ဆုံးရောက်နေတဲ့ ဆက်သွယ်ရေးအသင်းရဲ့ကြိုးစားကစားမှုကြောင့် ကမ္ဘောဇအသင်း အနိုင်ရဖို့ ရုန်းကန်ခဲ့ရပြီး ဆက်သွယ်ရေးအသင်း ပယ်နယ်တီကန်ခွင့် ရပေမယ့် လွဲချော်ခဲ့လို့သာ ကမ္ဘောဇ အမှတ်ပြည့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်း - မြို့တော်စည်ပင်

သုဝဏ္ဏကွင်း

သစ်တောရေးရာ - ပို့ဆောင်ရေး။

(မြန်မာ့အလင်း)

ဗဟန်းမြို့နယ်မှ ကောက်ရရွှေများ ပိုင်ရှင်ထံပြန်လည်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် ရေတာရှည်လမ်းဟောင်း၌ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၂ရက်က ရွှေအလေးချိန် ၅ကျပ် ၄ရွေးအား ပိုင်ရှင်မဲ့ကောက်ရခဲ့မှုနှင့် စပ်လျဉ်း၍ ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ပိုင်ရှင်အား ရှာဖွေစုံစမ်းခဲ့ရာ မန္တလေးမြို့ ၈၄လမ်း ၃၁×၃၂လမ်းကြား အမှတ်၁၆၁ အခန်း၁၀၇နေ ဒေါ်ခင်နီနီ ဖြစ်ကြောင်းသိရ၍ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၉ရက်က ပိုင်ရှင် ဒေါ်ခင်နီနီထံ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ (အပေါ်ပုံ) (မြန်မာ့အလင်း)

ကာကွယ်ဆေး တိုက်ကျွေး

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်တွင် ဇန်နဝါရီ ၁၀ ရက်က အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့ အထိမ်းအမှတ်အဖြစ် ပထမအကြိမ် တိုက်ကျွေးပွဲကို ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြက ရပ်ကွက်အတွင်းရှိ အသက်ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးစဉ်။ (၁၁၃)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ သင်္ချာ (ဒဂုံတက္ကသိုလ်)

မင်္ဂလာပါ။

ဒီကနေ့ပို့ချမယ့် အကြောင်းအရာကတော့ Grade-11 သင်္ချာဘာသာရပ် အကြောင်းပဲဖြစ်တယ်။ သင်္ချာပုစ္ဆာတွေကိုတွက်ဖို့အတွက် သင်္ကေတများ (notations), အဓိပ္ပာယ်သတ်မှတ်ချက်များ (definitions), theorem, corollary နဲ့ ပုံသေနည်းများ (formulae) တွေကို အရင်ဆုံး နားလည်အောင် လုပ်ရမယ်၊ ဒါမှသာ ပုစ္ဆာတွေရဲ့ပေးထားချက်ကိုအသုံးပြုပြီး အသုံးတည့်သော ပုံသေနည်းမှန်နဲ့ တွက်နည်းမှန်ဖြင့် အဖြေမှန်ရအောင် တွက်နိုင်မှာ ဖြစ်တဲ့အတွက် Grade-11 သင်္ချာပြဋ္ဌာန်းစာအုပ် အခန်း(၁)မှ အခန်း(၁၂)အထိ အခြေခံ သိသင့်သိထိုက်တာ အချို့ကိုပြောမယ်။

ပထမဦးစွာ သင်္ချာပြဋ္ဌာန်းစာအုပ်မှ Chapter (1), Functions အကြောင်း ပြောပြမယ်။ function ရဲ့ သင်္ကေတများနဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တို့ဖြစ်တဲ့ domain A, codomain B နဲ့ y is the image of x under f, range of f တို့ကိုသေသေချာချာနားလည်ရမယ်။ ပြီးရင် one-to-one correspondence ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ကို သိထားရမယ်။ နောက်ထပ်သိထားရမှာကတော့ f နဲ့ g ရဲ့ composite function ပဲဖြစ်တယ်။ $f \circ g$ နဲ့သင်္ကေတ ပြုပြီး $(f \circ g)(x)$ ဟာ $f(g(x))$ ဖြစ်တယ်။ ဒီနေရာမှာ $\circ$ နဲ့ ဝိုက်ကွင်းတွေကို မှန်မှန်ကန်ကန် ရေးနိုင်ဖို့ လေ့ကျင့်ထားရမယ်။ Identity function, commutative law, associative law တို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တို့ကိုလည်း သိထားရမယ်။

အဲဒါတွေပြီးရင် inverse function အကြောင်း ဖြစ်တယ်။ Function f ဟာ A ကနေ B ကို ဆက်သွယ်တဲ့ 1-1 correspondence ဖြစ်ပြီး $f(x) = y$ ဖြစ်တယ်။ အဲဒီအခါမှာ f^{-1} ဟာ B ကနေ A ကို ဆက်သွယ်တဲ့ function ဖြစ်ပြီး $f^{-1}(y) = x$ ဖြစ်တယ်။ ဒီအချက်နှစ်ခုဟာ အပြန်အလှန်လည်း မှန်တယ်။ ဒါကြောင့် $f(x) = y \Leftrightarrow f^{-1}(y) = x$ ဖြစ်တယ်။ ပုစ္ဆာတွေကို တွက်တဲ့အခါမှာ ဝိုက်ကွင်းတွေ၊ သင်္ကေတတွေကို မှန်မှန်ကန်ကန်ရေးပြီး တွက်နည်းမှန်နဲ့ တွက်နိုင်အောင် လေ့ကျင့်ထားဖို့ လိုအပ်တယ်။

ဒီအခန်းရဲ့ နောက်ဆုံးအပိုင်းကတော့ Binary operation အကြောင်းဖြစ်တယ်။ binary operation ကို circle ထဲမှာ dot ထည့်ရေးတဲ့ သင်္ကေတသုံးတယ်။ Binary operation on a set A ဆိုတာ $A \times A$ ကနေ A ကို ဆက်သွယ်တဲ့ function ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်နဲ့ commutative law, associative law တို့ကို မှန်မမှန် သက်သေပြခြင်း၊ Binary operation ပါတဲ့ equation များ ဖြေရှင်းခြင်းတို့ကို လေ့ကျင့်ထားရမယ်။

ဆက်လက်ပြီး Chapter (2), The Remainder Theorem and The Factor Theorem အကြောင်းပြောပြမယ်။

Polynomial တစ်ခု f(x) ကို $ax - b$ နဲ့စားရင် ရရှိတဲ့ remainder ဟာ $f(\frac{b}{a})$ ဖြစ်တယ်၊ တကယ်လို့ f(x) ကို $ax + b$ နဲ့စားရင်တော့ $ax + b = ax - (-b)$ ဖြစ်တဲ့အတွက် remainder ဟာ $f(-\frac{b}{a})$ ဖြစ်တယ်။ အကယ်၍ f(x) ကို $ax - b$ နဲ့စားလို့ပြတ်ရင် remainder ဟာ 0 ဖြစ်တဲ့ အတွက် $f(\frac{b}{a}) = 0$ ဖြစ်တယ်။ အပြန်အလှန်လည်း မှန်တယ်။ ဒီအချက်ကနေ ဆက်ပြီးရတဲ့ နောက်အချက် တစ်ခုကတော့ $ax - b$ ဟာ f(x) ရဲ့ factor ဖြစ်ရင် $f(\frac{b}{a}) = 0$ ဖြစ်ပြီး အပြန်အလှန်လည်း မှန်တယ် ဆိုတဲ့ အချက်ပဲ ဖြစ်တယ်။ The Remainder Theorem and The Factor Theorem နဲ့ပတ်သက်တဲ့ ပုစ္ဆာများကို မှန်မှန်နဲ့ ဂရုတစိုက် များများလေ့ကျင့်ထားရမယ်။

ဆက်လက်ပြီး Chapter (3),The binomial theorem နဲ့ပတ်သက်ပြီး သိသင့်တဲ့ အချက်အလက်တွေကို ပြောပြမယ်။ ဒီအခန်းမှာ exponent n ဟာ အပေါင်းကိန်းပြည့်တစ်ခုဖြစ်ရင် binomial $(x+y)^n$ ကို expand ဖြန့်ရေးရင် terms n+1 ခုနဲ့ ရေးတတ်ဖို့လိုပါတယ်။ $(x-y)^n$ ကိုလည်း $(x+(-y))^n$ လို့ပြောင်းရေးပြီး ခုနက ပုံသေနည်းနဲ့ ဖြန့်ရေးတတ်ရမယ်။ general term (or) the (r+1)term ဟာ ${}^nC_r x^{n-r} y^r$ ဖြစ်တယ်။ ${}^nC_r$ ဟာ ${}^nC_{n-r}$ နဲ့ တူတာကိုလည်း သိထားသင့်တယ်။ The binomial theorem နဲ့ပတ်သက်တဲ့ ပုစ္ဆာများမှာ binomial တစ်ခုကို expand ဖြန့်ရေးတတ်ဖို့၊ (r+1)th term ကို ရေးတတ်ဖို့နဲ့ term တစ်ခုရဲ့ coefficient, constant term (independent of x) ရှာတတ်ဖို့ ပုစ္ဆာများကို မှန်မှန်နဲ့ အကြိမ်များများ တွက်ထားရမယ်။

ဆက်လက်ပြီး Chapter (4), Inequations နဲ့ပတ်သက်ပြီး သိသင့်တဲ့ အချက်အလက်တွေကို ပြောပြမယ်။ ဒီအခန်းမှာ standard form of quadratic inequations ဟာ $ax^2+bx+c > 0$ နဲ့ $ax^2+bx+c < 0$ တို့ကိုသိထားရမယ်။ ပုစ္ဆာများကိုတွက်ဖို့ graphical method နဲ့ algebraic method ဆိုပြီး နည်း ၂ နည်းရှိတယ်။ Graphical method နဲ့ တွက်ဖို့အတွက် အရင်ဆုံး standard form of quadratic inequation ရေးရမယ်။ ပြီးရင် $y=ax^2+bx+c$ လို့ ထားရမယ်။ y နဲ့ X-axis and Y-axis ဖြတ်မှတ်တွေကို ရှာရမယ်။ The graph of y ကို ဆွဲရမယ်။ နောက်ဆုံးမှာ graph ကိုကြည့်ပြီး solution set ကိုရေးရမယ်။

Algebraic method နဲ့ တွက်ဖို့အတွက်လည်း အရင်ဆုံး standard form of quadratic inequation ရေးရမယ်။ ပြီးရင် $y = ax^2 + bx + c$ ကို factor ခွဲရမယ်။ Two possibilities ကိုရေးရမယ်။ The number lines of two possibilities ကို ဆွဲပြီး inequation နဲ့ ကိုက်ညီမယ့် condition ကို ရေးရမယ်။ နောက်ဆုံးမှာ အဲဒီ condition တွေကနေ solution set ကိုရေးရမယ်။ အကယ်၍ ပုစ္ဆာမှာ number line ဆွဲပါဆိုရင် number line ဆွဲဖို့ အထူးဂရုစိုက်ရမယ်။

ဆက်လက်ပြီး Chapter (5), Sequences and Series နဲ့ပတ်သက်ပြီးသိသင့်တဲ့ အချက်အလက်တွေကို ပြောပြမယ်။ ပထမဦးစွာ sequences နဲ့ series တို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ကို သိထားဖို့ လိုတယ်။ ဆက်လက်ပြီး Arithmetic progression အကြောင်း ဆက်ပြောမယ်။ Sequence တစ်ခုမှာ ဆက်တိုက် Term ၂ ခု တို့ ရဲ့ခြားနားခြင်း တူညီကြရင် အဲဒီ Sequence ကို Arithmetic Progression လို့ခေါ်ပြီး d ကို common difference လို့ခေါ်တယ်။ a က first term, d က common difference ဖြစ်ရင် A.P. ရဲ့ general form ကို ရေးနိုင်တာကို သိဖို့လိုတယ်။ A.P. တစ်ခုရဲ့ nth term ပုံသေနည်း၊ Finite A.P. တစ်ခုမှာ A.M. ရှာနည်း၊ Finite A.P တစ်ခုရဲ့ sum of first n terms ကို ရှာတဲ့ S_n ပုံသေနည်း တို့ကို အသုံးပြုတတ်အောင် မှန်မှန်လေ့ကျင့်ထားဖို့လိုတယ်။ Geometric Progression အကြောင်း ဆက်ပြောမယ်။ Sequence တစ်ခုမှာ ဆက်တိုက် Term ၂ ခု တို့ရဲ့ အချိုး တူညီကြရင် အဲဒီ Sequence ကို Geometric Progression လို့ခေါ်ပြီး r ကို common ratio လို့ခေါ်တယ်။ a က first term, r က common ratio ဖြစ်ရင် G.P. ရဲ့ general form ကို ရေးနိုင်တာကိုလည်း သိဖို့လိုတယ်။ G.P. တစ်ခုရဲ့ nth term ပုံသေနည်း၊ Finite G.P. တစ်ခုမှာ G.M. ရှာနည်း၊ Finite G.P တစ်ခုရဲ့ sum of first n terms ကို ရှာတဲ့ S_n ပုံသေနည်း တို့ကို အသုံးပြုတတ်ဖို့လိုတယ်။ Infinite G.P တစ်ခုရဲ့ common ratio r ရဲ့ ပကတိတန်ဖိုးက 1 ထက်ငယ်ရင် sum to infinity S exist ဖြစ်ပြီး S ဟာ $\frac{a}{1-r}$ ဖြစ်တယ်။ ဒီအခန်းက ပုစ္ဆာများကို မှန်မှန်နဲ့ အကြိမ်များများ လေ့ကျင့်ထားဖို့လိုတယ်။

ဆက်လက်ပြီး Chapter (6), Matrices နဲ့ပတ်သက်ပြီး သိသင့်တဲ့အချက်အလက်တွေကို ပြောပြမယ်။ Matrix တစ်ခုရဲ့ order ဟာ number of row နဲ့ number of column တို့နဲ့သတ်မှတ်တယ်။ Matrix များရဲ့ order တူညီပြီး လိုက်ဖက် entry များလည်းတူညီကြရင် အဲဒီ matrix များ တူညီကြတယ်။ အပြန်အလှန်အားဖြင့်လည်း မှန်တယ်။ Matrix တစ်ခုရဲ့ transpose ဟာ အဲဒီ matrix ရဲ့ row တစ်ခုချင်းစီကို column တစ်ခုချင်းစီသို့ပြောင်းတာဖြစ်တယ်။ Matrix တစ်ခုရဲ့ element များဟာ zero ဖြစ်ရင် အဲဒီ matrix ကို zero matrix လို့ခေါ်တယ်။ Unit matrix အကြောင်းပြောမယ်။ 2x2 matrix တစ်ခုရဲ့ ပင်မထောင့်ဖြတ်မှာရှိတဲ့ entry များအားလုံးဟာ 1 ဖြစ်ပြီး ကျန် entry များဟာ zero ဖြစ်ရင် အဲဒီ matrix ကို unit matrix လို့ခေါ်တယ်။ Matrix များပေါင်းခြင်း အကြောင်းပြောမယ်။ Matrix များပေါင်းခြင်းဟာ matrix များရဲ့ လိုက်ဖက်သော entry များ ပေါင်းရမယ်ဆိုတာကို သိဖို့လိုတယ်။

Negative of matrix အကြောင်းပြောမယ်။ Matrix တစ်ခုရဲ့ element များအားလုံးကို လက္ခဏာ ပြောင်းတာဟာ negative of matrix ဖြစ်တယ်။ Matrix ကို real number တစ်ခုနဲ့ မြှောက်ခြင်း အကြောင်းပြောမယ်။ Matrix တစ်ခုရဲ့ element များအားလုံးကို real number တစ်ခုနဲ့မြှောက်တာ ဖြစ်တယ်။ ပြီးရင် matrix များ မြှောက်ခြင်းအကြောင်းကိုပြောမယ်။ Matrix နှစ်ခုကို မြှောက်မယ်ဆိုရင် ရှေ့က matrix ရဲ့ column အရေအတွက်နဲ့ နောက်က matrix ရဲ့ row အရေအတွက် တူညီဖို့လိုတယ် ဆိုတာကို သိရမယ်။ Matrix များ မြှောက်တတ်ဖို့ လေ့ကျင့်ထားရမယ်။ 2×2 matrix တစ်ခုရဲ့ entry များက m, n နဲ့ p, q ဖြစ်ရင် အဲဒီ matrix ရဲ့ determinant ဟာ mq-np ဖြစ်တယ်။ Matrix တစ်ခုရဲ့ determinant ဟာ သုညမဟုတ်ရင် အဲဒီ matrix ရဲ့ inverse ရှိတယ်ဆိုတာကို သိထားဖို့လိုတယ်။ Inverse of matrix ရဲ့ သင်္ကေတနဲ့ ပုံသေနည်းတို့ကို ဥပမာပြထားတဲ့အတိုင်း ရေးတတ်ရမယ်။ အခုပြောခဲ့တဲ့ matrix နဲ့ ပတ်သက်တာတွေကို သဘောပေါက် နားလည်ရင် matrix ပုစ္ဆာများနဲ့ matrix equation များ၊ system of linear equation များကို matrix method အသုံးပြု၍ တွက်နိုင်မှာ ဖြစ်တယ်။ Matrix ပုစ္ဆာများကို တွက်ရင် ပုစ္ဆာကို သေသေချာချာဖတ်၍ ပေးထားချက်ကို အသုံးပြုပြီး သင်္ကေတ၊ ပေါင်းခြင်း၊နုတ်ခြင်း၊ မြှောက်ခြင်း၊ Matrix တစ်ခုရဲ့ determinant၊ matrix ရဲ့ inverse တို့ကို ရေးတာမှန်စေဖို့ အကြိမ်များများ ဂရုတစိုက်လေ့ကျင့်ထားဖို့လိုတယ်။ ပုစ္ဆာမှာ solution set ကို ရှာပါဟုမေးလျှင် solution set ကို ရေးဖို့ အထူးဂရုစိုက်ရမယ်။

ဆက်လက်ပြီး Chapter (7), Introduction to Probability နဲ့ပတ်သက်ပြီး သိသင့်တဲ့ အချက်အလက်တွေကို ပြောမယ်။

ပထမဦးစွာ ဖြစ်ရပ်တစ်ခုအတွက် tree diagram ဆွဲနည်း၊ table ရေးနည်းတွေကို သိထားရမယ်။ ပြီးရင် possible outcome, favourable outcome တို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ Probability ရဲ့ ပုံသေနည်းတို့ကို သိထားရမယ်။ ဖြစ်ရပ် ၂ခု A နဲ့ B ဟာ mutually exclusive ဖြစ်ရင် P(A or B) ဖြစ်တယ်၊ A နဲ့ B ဟာ independent ဖြစ်ရင် P(A and B) ဖြစ်တယ်နဲ့ expected frequency တို့ရဲ့ ပုံသေနည်းများကို အသုံးပြုပြီး တွက်တဲ့ပုစ္ဆာများကို မှန်မှန်လေ့ကျင့်ထားရမယ်။

ဆက်လက်ပြီး Chapter (8), Circles နဲ့ပတ်သက်ပြီး သိသင့်တဲ့ အချက်အလက်တွေကို ပြောမယ်။ ဒီအခန်းမှာပါတဲ့ သင်္ကေတများ၊ Theorem များ၊ Corollary များကို ပုံများနဲ့တကွ သေသေချာချာ နားလည်ဖို့ လိုတယ်။

Theorem 1 မှာ ဗဟို၌ ခံဆောင်သောထောင့် α ဟာ အဝန်းပိုင်း၌ ခံဆောင်သောထောင့်ရဲ့ ၂ဆ 2β ဖြစ်တယ်။ Corollary 1 မှာ အဝန်းပိုင်းတစ်ခုတည်း၌ ခံဆောင်သောထောင့်များ α, β, θ တို့ဟာ တူညီကြတယ်။ Corollary 2 မှာ PQ ဟာ diameter ဖြစ်ရင် α နဲ့ β တို့ဟာ ထောင့်မှန်များဖြစ်တယ်။ Corollary 3 မှာ ABCD ဟာ စက်ဝိုင်းတွင်းကျ စတုဂံဖြစ်ရင် $\alpha+\beta$ နဲ့ $\gamma+\delta$ တို့ဟာ 180° ဖြစ်တယ်။ Corollary 4 မှာ ABCD ဟာ စက်ဝိုင်းတွင်းကျ စတုဂံဖြစ်ရင် α နဲ့ β တို့ဟာ တူညီတယ်။

Theorem 2 မှာ အရွယ်တူ စက်ဝိုင်း ၂ ခုတွင် θ နဲ့ ϕ တူညီကြရင် arc PBQ ဟာ arc SCT နဲ့တူညီတယ်။ အပြန်အလှန်လည်း မှန်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

Theorem 4 မှာ chord နဲ့ tangent ကြားက ထောင့်နဲ့ အဝန်းပိုင်း၌ ခံဆောင်သော ထောင့်များ တူညီကြတယ်။

အခုပြောတဲ့ Theorem 1 မှ Theorem 4 နဲ့ Corollary 1 မှ Corollary 4 အထိမှာ သင်္ကေတများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များနဲ့ မှန်ကန်ချက်များကို ပုစ္ဆာတွက်ရာတွင်လည်းကောင်း၊ သက်သေပြချက်တွင်လည်းကောင်း မှန်ကန်စွာ အသုံးပြုဖို့အတွက် အထူးဂရုတစိုက် လေ့ကျင့်ထားရမယ်။

Theorem 5 ကတော့ intersecting chord theorem ဖြစ်တယ်။ Chord များဖြစ်တဲ့ AB နဲ့ CD ဟာ အမှတ် P မှာ ဖြတ်ကြရင် AP နဲ့ PB မြှောက်လဒ်ဟာ CP နဲ့ PD မြှောက်လဒ်နဲ့ တူညီတယ်။

Theorem 6 ကတော့ စက်ဝိုင်းတစ်ခုမှာ PT ဟာ အမှတ် T ၌ tangent ဖြစ်ပြီး PBA က secant ဖြစ်ရင် PT နှစ်ထပ်ဟာ PB နဲ့ PA မြှောက်လဒ်နဲ့တူညီတယ်။ Corollary 6.1 မှာ PBA နဲ့ PCD တို့ဟာ စက်ဝိုင်းတစ်ခုရဲ့ secant များဖြစ်ရင် PA နဲ့ PB မြှောက်လဒ်ဟာ PC နဲ့ PD မြှောက်လဒ် ဖြစ်တယ်။ အခုပြောတဲ့ Theorem 5, Theorem 6 နဲ့ Corollary 6.1 တို့ရှိ product of the lengths ပုံသေနည်းများကိုနားလည်ပြီး ပုစ္ဆာများတွက်နိုင်အောင် လေ့ကျင့်ထားဖို့လိုတယ်။

အခုဆက်လက်ပြီး Concyclics point များအကြောင်းပြောမယ်။ Theorem 7 မှာ α နဲ့ β တူညီကြရင် A, B, C, D တို့ဟာ concyclic ဖြစ်ခြင်း၊ Theorem 8 မှာ $\alpha + \gamma$ ဟာ 180 ဖြစ်ရင် A, B, C, D တို့ဟာ concyclic ဖြစ်ခြင်း၊ Theorem 10 မှာ AP နဲ့ PB မြှောက်လဒ်ဟာ CP နဲ့ PD မြှောက်လဒ်နဲ့ တူညီကြရင် A, B, C, D တို့ဟာ concyclic ဖြစ်ခြင်းတွေကို သိထားဖို့နဲ့ ပုစ္ဆာများကို ဂရုတစိုက် များများလေ့ကျင့်ထားဖို့လိုတယ်။

ဆက်လက်ပြီး Chapter (9), Areas of Similar Triangles နဲ့ပတ်သက်ပြီး သိသင့်တဲ့အချက်အလက်တွေကို ပြောမယ်။

ဒီအခန်းမှာ triangle ၂ ခု similar ဖြစ်ရင် ထို triangle များရဲ့ area တို့၏ အချိုးဟာ လိုက်ဖက်အနားများ၊ လိုက်ဖက်အမြင့်မျဉ်းများရဲ့ ၂ ထပ်တို့၏ အချိုးများနဲ့လည်းကောင်း၊ လိုက်ဖက် အလယ်မျဉ်းများ၊ လိုက်ဖက်ထောင့်ထက်ဝက်ပိုင်းမျဉ်းများရဲ့ ၂ ထပ်တို့၏ အချိုးများနဲ့လည်းကောင်း တူညီတယ်။ ဒီအခန်းက ပုစ္ဆာတွေကိုလည်း အခန်း(၈)မှာလိုပဲ သင်္ကေတမှန်များဖြင့် တွက်နိုင်အောင် များများလေ့ကျင့်ထားဖို့လိုတယ်။

ဆက်လက်ပြီး Chapter (10), Introduction to Vectors and Transformation နဲ့ ပတ်သက်ပြီး သိသင့်တဲ့ အချက်အလက်တွေကို ပြောမယ်။

Geometric vector AB ကို AB ပေါ်မှာ arrow ဆွဲပြီး သင်္ကေတပြုတယ်ဆိုတာ အထူးဂရုစိုက်ရမယ်။ Vector AB ရဲ့ magnitude ၊ vector များညီခြင်း၊ Zero vector, Negative vector, triangle rule, parallelogram rule နဲ့ polygon rule of vector addition ၊ vector တစ်ခုကို scalar ဖြင့် မြှောက်ခြင်းတို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်များနဲ့ ပုံသေနည်းများကို သိထားဖို့လိုတယ်။ ဒီအခန်းက Theorem 1 နဲ့ Corollary 1.1 တို့ရဲ့ အဓိပ္ပာယ် သတ်မှတ်ချက်များနဲ့ မှန်ကန်ချက်များကို အသုံးပြုတတ်အောင် သေသေချာချာ သိထားဖို့လိုတယ်။ ဒါ့အပြင် position vector နဲ့ Theorem 2 (The section formula), vector တစ်ခုရဲ့ unit vector တို့ကို နားလည်အောင်နဲ့ ပုံသေနည်း အသုံးပြုပြီး တွက်တတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ Transformation matrices တွေဖြစ်တဲ့ reflection matrices, rotation matrices များနဲ့ transformation matrix ပုံသေနည်း တို့ကိုအသုံးပြုပြီး တွက်တတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။

ဆက်လက်ပြီး Chapter (11), Trigonometry နဲ့ ပတ်သက်ပြီး သိသင့်တဲ့အချက်အလက်တွေကို ပြောမယ်။

ပထမဦးစွာ degree နဲ့ radian များဆက်သွယ်ချက်ကို သိထားဖို့လိုတယ်။ Trigonometric ratio ၆ ခု၊ Negative angle, Sum and difference of two angles, Double angle formula, Half angle formula, factor formula တို့ကို basic identity, trigonometric identity များ သက်သေပြခြင်း၊ Trigonometric equation များဖြေရှင်းရာမှာ ပုံသေနည်းများကို အသုံးပြုတတ်ဖို့ ပုစ္ဆာများကို ပုံမှန်လေ့ကျင့်ထားဖို့လိုတယ်။

ဒီအခန်းမှာ Law of Cosines နဲ့ Law of Sines တို့ရဲ့ ပုံသေနည်းများနဲ့ triangle တစ်ခုကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ သိထားဖို့လိုတဲ့အတွက် ပုစ္ဆာများများတွက်ပြီး ပုံမှန်လေ့ကျင့်ထားရမယ်။

ဆက်လက်ပြီး Chapter (12), Calculus နဲ့ ပတ်သက်ပြီး သိသင့်တဲ့ အချက်အလက်တွေကို ပြောမယ်။

ပထမဦးစွာ function တစ်ခုရဲ့ limit နဲ့ function တစ်ခုရဲ့ derivative အဓိပ္ပာယ်သတ်မှတ်ချက်နဲ့ သင်္ကေတသတ်မှတ်ချက်တို့ကို သိထားဖို့လိုတယ်။ first principle မှ function တစ်ခုရဲ့ derivative ရှာခြင်း၊ Derivative ရဲ့ formula များနဲ့ trigonometric function, exponential function, logarithmic function တို့ရဲ့ derivative ပုံသေနည်းများ၊ Product rule, quotient rule, chain rule များကို သေသေချာချာ သိထားပြီး မှတ်မိနေဖို့လိုတယ်။ ဆက်လက်ပြီး application of differentiation အကြောင်းပြောမယ်။ Curve တစ်ခုရဲ့ equation of tangent နဲ့ equation of normal ရှာရာတွင် ပုံသေနည်းနဲ့ တွက်နည်းများ၊ Curve တစ်ခုရဲ့ nature ကို ဆန်းစစ်ခြင်းများနဲ့ maximum/minimum ရှာခြင်းများ၊ Approximate လုပ်ခြင်းများ၊ Higher order derivative များရှာနည်းတို့ကို သေသေချာချာသိထားပြီး မှတ်မိနေဖို့နဲ့ အသုံးပြုတတ်ဖို့လိုပါတယ်။

ဆက်လက်ပြီး စာမေးပွဲဖြေရာမှာ အထူးဂရုစိုက်ရမယ့် အချက်အလက်အချို့ကိုပြောမယ်။ သင်္ချာမေးခွန်းလွှာမှာ Section A, Section B, Section C ဆိုပြီး အပိုင်း (၃) ခု ပါတယ်။ Section A မှာ မေးခွန်း (၁) ပုဒ် သာပါပေမယ့် ပုဒ်ခွဲ(၂၅)ပုဒ်ပါပြီး ပုဒ်ခွဲအားလုံး ဖြေရမယ်။ ပုဒ်ခွဲတစ်ခုစီအတွက် မေးခွန်းကို သေသေချာချာဖတ်၍ တွက်ပြီး အဖြေကို သက်ဆိုင်ရာပုဒ်ခွဲရှိ A, B, C, D, E ထဲက တစ်ခုကိုသာလျှင် ရွေးချယ်ရမယ်။ ထို A, B, C, D, E ထဲက ရွေးချယ်သော အဖြေကို ပုဒ်ခွဲနံပါတ်နဲ့ ယှဉ်တွဲပြီး capital letter ဖြင့်သာ ရေးရမယ်။ အကယ်၍ ရေးပြီးသော အဖြေကို ဖျက်လိုပါက ထို capital letter ပေါ်တွင် ထောင့်ဖြတ်မျဉ်းကြောင်း တစ်ကြောင်းခြစ်ပြီး ဘေးတွင်ရေးလိုသော အဖြေကိုရေးရန် အကြံပြုလိုတယ်။

Section B မှာ မေးခွန်း(၅)ပုဒ်ပါပြီး မေးခွန်းအားလုံးဖြေရမယ်။ Section C မှာ မေးခွန်း(၉)ပုဒ်ပါပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၆)ပုဒ် ဖြေရမယ်။

သင်္ချာပုစ္ဆာတစ်ပုဒ်ကို အဖြေမှန်ရအောင် တွက်ဖို့အတွက် ပုစ္ဆာကို သေသေချာချာ နားလည်အောင်ဖတ်နိုင်ဖို့ ပေးထားချက်ကဘာလဲ၊ ဘာကို ရှာရမယ်၊ ဘယ်လို တွက်ရမယ်(သို့မဟုတ်) ဘာကို သက်သေပြဖို့ ဘယ်လိုတွက်ရမယ်၊ ပုစ္ဆာမှပေးထားချက်များကို သင်္ကေတမှန်ဖြင့် မှန်အောင်ပြန်ရေးသား ဖော်ပြရမယ်၊ အဖြေမှန်ရဖို့ အသုံးတည့်သော ပုံသေနည်းမှန် သုံးတတ်ရမယ်။ ပုစ္ဆာတွက်ရာတွင် တွက်နည်း အဆင့်တိုင်းမှန်ဖို့၊ ကျိုးကြောင်းဆီလျော်မှုရှိဖို့နဲ့ ရေးသားဖော်ပြချက်များ မှန်ကန်မှုရှိရမယ်။ ဒီလို ပုစ္ဆာတစ်ပုဒ်ကို အဖြေမှန်ရအောင် တွက်နိုင်ဖို့အတွက် သင်္ချာသင်္ကေတများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ သင်္ချာ ပုံသေနည်းများ၊ သီအိုရမ်များကို သေသေချာချာ နားလည်နေအောင် အကြိမ်များများ ကျက်မှတ်နေဖို့နဲ့ အဆက်မပြတ် ပုံမှန်လေ့လာ စဉ်းစားတွေးခေါ် ခြုံငုံပြီး လေ့ကျင့်ခန်း ပုစ္ဆာများအားလုံးကို အမြဲမပြတ် မှန်မှန်နဲ့ အကြိမ်များများ အထူးဂရုတစိုက်တွက်ပြီး လေ့ကျင့်ထားကြဖို့ တိုက်တွန်းလိုတယ်။

၂၁ ရာစုရဲ့စိန်ခေါ်မှုတွေကို ရိုးရိုးသားသား ကြိုးကြိုးစားစား တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ပြီး အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်မယ့် ထူးချွန်ထက်မြက်သော ကျောင်းသူ ကျောင်းသားများ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှ သောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂-၂-၂၀၀၉ရက် (တနင်္လာနေ့)

☐ Language and Education(1)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Language and Education(2)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ ဆရာမများ

၃-၂-၂၀၀၉ရက် (အင်္ဂါနေ့)

☐ Language and Education(3)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Introducing Sociolinguistics(1)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ ဆရာမများ

၄-၂-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)

☐ Introducing Sociolinguistics(2)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Introducing Sociolinguistics(3)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ ဆရာမများ

၅-၂-၂၀၀၉ရက် (ကြာသပတေးနေ့)

☐ Stylistics(1)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Stylistics(2)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ ဆရာမများ

၆-၂-၂၀၀၉ရက် (သောကြာနေ့)

☐ Stylistics(3)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

☐ A Survey of Literary Theories(1)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၇-၂-၂၀၀၉ရက် (စနေနေ့)

☐ English Literature Poetry
- တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Morphology
- တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Merchant of Venice Plot and Characterization
- တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ On his Blindness-John Milton
- တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Some Practical Considerations in a work of Translation
- တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Taxonomic Grammar and its Contributions to English Language Teaching
- တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Shall I compare thee to a Summer's day by William Shakespeare (1564-1616)
- တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၈-၂-၂၀၀၉ရက် (တနင်္ဂနွေနေ့)

☐ Conflict of Law
- စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Administrative Tribunals
- စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Country Profile of ASEAN Members
- စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Military Law
- စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Civil Jurisdiction
- စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Classification of Constitution
- စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Juvenile Courts and the Methods of Reformation
- စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခတ္တာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မင်းတုန်းမြို့၌ လယ်ပုပြား-ပုသိမ် မြေသားလမ်းဖွင့်

မင်းတုန်း ဇန်နဝါရီ ၂၇

မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မင်းတုန်းမြို့နယ် လယ်ပုပြားကျေးရွာ ကိုယ့်အားကိုယ်ကိုးမြေသားလမ်း၊ လယ်ပုပြား-ပုသိမ်/မုံရွာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူးဦးစိုးဝင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းမှာ ၂မိုင် ၅ ဖာလုံ ရှည်ပြီး ငွေကျပ်သိန်း ၈၀ဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ထိုင်းနိုင်ငံသို့ပင်လယ်ရေကြောင်းမှ တရားမဝင် ဝင်ရောက်ရန်ကြိုးပမ်းခဲ့သည့် ရိုဟင်ဂျာဆိုသူများကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ သက်ဆိုင်ရာဌာနများက စိစစ်ဆောင်ရွက်နိုင်ရေးအတွက် ထိုင်းနိုင်ငံ သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်ညှိနှိုင်းလျက်ရှိကြောင်း သိရှိရ

နေပြည်တော် ဇန်နဝါရီ ၃၀

လတ်တလော ပြည်ပသတင်းမီဒီယာအချို့အရ ရိုဟင်ဂျာလူမျိုးအချို့သည် စက်လှေများဖြင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းမှုများ ရှိနေကြောင်းနှင့် ထိုရိုဟင်ဂျာများအနက် အချို့မှာ မြန်မာနိုင်ငံမှဖြစ်ကြောင်း ရေးသားထုတ်လွှင့်နေသည်ကို တွေ့ရှိရကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများတွင် ရိုဟင်ဂျာဟူသည့် လူမျိုးပါဝင်ခြင်း လုံးဝမရှိကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ သက်ဆိုင်ရာဌာနများအနေဖြင့် ၎င်းကိစ္စအပေါ် လိုအပ်သလို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက်ထုတ် သတင်းစာများတွင် သတင်းဖော်ပြခဲ့ပြီးဖြစ်သည်။

ဆက်သွယ်ညှိနှိုင်း

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ သက်ဆိုင်ရာဌာနများက စိစစ်ဆောင်ရွက်နိုင်ရေးအတွက် ထိုင်းနိုင်ငံ သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်ညှိနှိုင်းခဲ့သော်လည်း ၎င်းတို့ထံမှ ယနေ့အထိ ပြန်ကြားချက် တစ်စုံတစ်ရာမရရှိသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ငရုတ်ကောင်းဆီသည် သွားနှင့် ခံတွင်း ရောဂါများကာကွယ်နိုင်

ငရုတ်ကောင်းဆီသည် လူတို့၏ ကြွက်သားနှင့် အရိုးအဆစ်များကို သန်စွမ်းစေကြောင်း ဗြိတိသျှသုတေသနပညာရှင်များ၏ သုတေသနပြုချက် တစ်ရပ်၌ ဖော်ပြသည်။

ငရုတ်ကောင်းဆီကို သွားနာ သွားကိုက်ရောဂါများအတွက် အသုံးပြုသည့်အခါ *စာမျက်နှာ ၈ ကော်လံ ၁* ✱

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာ (ဒုတိယတက္ကသိုလ်) သင်ခန်းစာကို ဖော်ပြထားပါသည်။

အိမ်နီးချင်းနိုင်ငံမှ ဘင်္ဂါလီလူမျိုးများ မြန်မာနိုင်ငံ ရခိုင်ဒေသသို့ တရားမဝင် ဝင်ရောက်နေထိုင်မှုများရှိခဲ့ အမျိုးသားရေး လိုအပ်ချက်အရ နိုင်ငံတော်အနေဖြင့် တရားမဝင် ဝင်ရောက်မှုများကို စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရ၊ ဆက်လက်၍လည်း အလားတူ စိစစ်ကာကွယ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၀

အိမ်နီးချင်းနိုင်ငံမှ ဘင်္ဂါလီလူမျိုးများသည် မြန်မာနိုင်ငံ ရခိုင်ဒေသသို့ တရားမဝင် ဝင်ရောက်နေထိုင်မှုများရှိခဲ့ပြီး ၁၉၄၈ ခုနှစ်တစ်ဝိုက်တွင်မူ ၎င်းဘင်္ဂါလီလူမျိုးများက ဘူးသီးတောင်နှင့် မောင်တောဒေသများကို ၎င်းတို့ပြည်နယ်အဖြစ် တောင်းဆိုခဲ့ကြသည်။ တစ်ဖက်ကလည်း ''မူဂျာဟစ်လှုပ်ရှားမှု'' အမည်ဖြင့် နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင် ပုန်ကန်ခဲ့ကြသည့်အတွက် နိုင်ငံတော်က နှိမ်နင်းခဲ့ရသည်။

စာရင်းကောက်ယူ

ထိုကြောင့် နိုင်ငံတော်အစိုးရသည် တရားမဝင် ဝင်ရောက်လာမှုများကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ၁၉၆၆ ခုနှစ်တွင် ဘူးသီးတောင်နှင့် မောင်တောဒေသများ၌ ကျီးကန်းစစ်ဆင်ရေးနှင့် ရွှေကြီးစစ်ဆင်ရေးတို့ဖြင့်လည်းကောင်း၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်း စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်တို့၌ မြတ်မွန်စစ်ဆင်ရေးဖြင့်လည်းကောင်း တရားမဝင်ရောက်ရှိသည့် ဘင်္ဂါလီလူမျိုးများ၏စာရင်းကို ကောက်ယူခဲ့သည်။

ထို့နောက်တွင်လည်း အိမ်နီးချင်းနိုင်ငံနယ်စပ်ရှိ ဘင်္ဂါလီများနှင့် ရခိုင်ပြည်နယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများ ပူးပေါင်းပြီး ရိုဟင်ဂျာအမျိုးသားလွတ်မြောက်ရေးအဖွဲ့ဟူ၍ ဖွဲ့စည်းကာ ဆန့်ကျင်လှုပ်ရှားလာသည့်အတွက် နိုင်ငံတော်က နှိမ်နင်းခဲ့ရပြန်သည်။

ပြန်လည်ထွက်ပြေး

ထို့နောက် ၁၉၇၈ ခုနှစ်တွင် နဂါးမင်းစစ်ဆင်ရေးဖြင့် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပေါက်တော၊ ကျောက်တော်၊ စစ်တွေ၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်များ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြသည့် ဘင်္ဂါလီလူမျိုးများအား နိုင်ငံသား ဟုတ်၊ မဟုတ် စိစစ်ခဲ့ရာ ဘင်္ဂါလီအများစုသည် ထိုသို့စိစစ်မှုကို ရင်မဆိုင်ရဲကြသဖြင့် မူရင်းဒေသဖြစ်သော အိမ်နီးချင်းနိုင်ငံများသို့ ပြန်လည်ထွက်ပြေးခဲ့ကြသည်။

ထိုကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံအစိုးရ ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်မူစည်းကမ်းများနှင့်အညီ ထွက်ပြေးတိမ်းရှောင်သူများကို ဟသ်ာစီမံချက်ဖြင့် စိစစ်လက်ခံမှုများ ပြုလုပ်ခဲ့သည်။ ထိုသို့စိစစ်လက်ခံခဲ့ရာ ၃၁-၈-၁၉၇၈ ရက်မှ ၁၉-၁၂-၁၉၇၉ ရက်အထိ ၁၈၆၉၆၈ ဦး ပြန်လည်ဝင်ရောက်ခဲ့ကြောင်း တွေ့ရှိရသည်။

တိမ်းရှောင်

တစ်ဖန် နိုင်ငံတော်အစိုးရသည် အမျိုးသားရေးလိုအပ်ချက်အရ ၁၉၉၁ ခုနှစ် နှောင်းပိုင်းနှင့် ၁၉၉၂ ခုနှစ်အစပိုင်းတို့တွင် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပေါက်တော၊ စစ်တွေ စသည့်မြို့နယ်များ၌ တရားမဝင်လာရောက်နေထိုင်သည့် ဘင်္ဂါလီလူမျိုးများကို နိုင်ငံသားဟုတ်၊ မဟုတ် ထပ်မံစိစစ်ခဲ့ရပြန်သည်။ ထိုစဉ်ကလည်း ဘင်္ဂါလီအများစုသည် ယင်းသို့စိစစ်ခြင်းကို ရင်မဆိုင်ရဲသဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြန်သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံတို့ နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းချက်အရ လည်းကောင်း၊ နိုင်ငံတကာနှင့် ဆွေးနွေးညှိနှိုင်းချက်အရ လည်းကောင်း သတ်မှတ်ထားသည့် မူ(၄)ချက်နှင့် ညီညွတ်သူများကို ပြန်လည်လက်ခံရန် သဘောတူခဲ့သည်။

လက်ခံခဲ့

သတ်မှတ်မူများနှင့်အညီ စိစစ်လက်ခံခဲ့ရာ ၁၉၉၂ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ၁၃ နှစ်ကြာ ကာလအတွင်း အိမ်ထောင်စု ၄၆၉၃၃စု၊ လူဦးရေ ၂၃၆၄၉၅ ဦးတို့အား လက်ခံခဲ့ပြီးဖြစ်သည်။ မူလစိစစ်ထားသော စာရင်းများအရ ထပ်မံဝင်ရောက်ရန် အိမ်ထောင်စု ၁၁၉၂ စု၊ လူဦးရေ ၆၃၆၅ ဦး ကျန်ရှိသော်လည်း ၃၁-၇-၂၀၀၅ရက်နောက်ပိုင်းမှစ၍ ယနေ့အထိ တရားဝင်ပြန်လည်ဝင်ရောက်ခြင်း မရှိတော့ကြောင်း သိရှိရသည်။

ယခုအခါတွင်လည်း အမျိုးသားရေးလိုအပ်ချက်အရ အလားတူ တရားမဝင် ဝင်ရောက်နေထိုင်မှုများကို ဟန့်တားနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် စိစစ်ထိန်းသိမ်း ကာကွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ခရီးသည်နှင့် ကုန်စည်များကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနေသည့် မန္တလေးတိုင်း ရမည်းသင်းခရိုင်က ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်

သတင်းမှတ်စု	-	နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း	-	မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု	-	သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု အဆင်ပြေ လုံခြုံချောမွေ့စေရေးသည် အဓိကကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ဒေသစီးပွားရေး တိုးတက်လာမည်ဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၅* ●